# THE GIRL WHO SAVED

## The King Of SWEDEN



JONAS JONASSON

ကယ်တင်ရှင်

သင့်လု

ပထမပိုင်း

# ဝမ်းတွင်းရူးနဲ့ ပါရမီ့ရှင်ကြား ခြားနားချက်-

# ပါရမီဆိုတာ အကန့်အသတ် ရှိတယ်

# (အမည်မသိ)

* * *

## အခန်း (၁)
## ဂျာဒူဝါလား မိလ္လာတဲပုတ်ထဲမှ ကောင်မလေးနှင့် ငှင်းလွတ်မြောက်အောင် ကယ်တင်သူအကြောင်း

တောင်အာဖရိကရဲ့ အကြီးဆုံးသော မိလ္လာမြို့ ဆိုဝီတိုက အီးကြုံးသမား ဂျာဒူဝါလားတွေအဖို့ အလုပ်လည်း ရ နေစရာလည်း ရတဲ့ အတွက် ကံကောင်းတယ်လို့ ဆိုရမယ်။

တခြားတစ်ဖက်ကနေ စာရင်းအင်းဗေဒအမြင်နဲ့ ကြည့်တဲ့ အခါမှာတော့ သူတို့ မှာ အနာဂတ်ဆိုတာမရှိ။ အတော်များများ ဟာ တီဘီနဲ့ အဆုပ်ယောင်ရောဂါနဲ့ ဝမ်းလျှောဝမ်းပျက်နဲ့ ဆေးစွဲတာနဲ့ အရက်စွဲတာနဲ့ အကုန်လုံးပေါင်းနဲ့ ငယ်ငယ်ရွယ်ရွယ်မှာ တင် မာလကီးယားကြတာကိုး ။ ရှားရှားပါးပါး တစ်ယောက်စ နှစ်ယောက်စကတော့ အသက်ငါးဆယ်ပြည့် ရွှေရတု မွေးနေ့မင်္ဂလာကို ဆင်ယင်ကျင်းပနိုင်ကြတယ်။ ဥပမာပြရရင် ဆိုဝီတို မိလ္လာရုံးက မန်နေဂျာပေါ့။ ဒါပေမဲ့ သူဟာ မနက်တိုင်း အကိုက်အခဲပျောက် ဆေးလုံးတွေကို ဘီယာတွေနဲ့ တစွပ်စွပ် မျိုမျိုချရင်း စုတ်ပြတ်ယိုင်ယွဲ့လာတဲ့ အခါကြတော့ ဂျိုဟန်နက်စဘတ် မြို့တော် သန့်ရှင်းရေးဌာန ဝန်ရှင်တော်မင်းကြီးအနေနဲ့ နောက်တစ်နေ့ မနက်ခင်းကော်ဖီပွဲမှာ ဒီဌာနခွဲ(ခ)က စာမတတ်ပေမတတ် အကောင်ကို လူစားထိုးဖို့ ကိစ္စပြောရတော့တယ်။

အဲဒီနေ့မနက်ခင်း ကော်ဖီပွဲက ရှယ်ပဲ။ သန့်ရှင်းရေးဌာန လက်ထော

က်မင်းကြီး အသစ်ခန့်ပွဲဆိုတော့ ကိတ်မုန့်တောင်ပါသေး။ သူ့နာမည်က ပီးယက်ဒူ တွန့်တဲ့ -အသက် ၂၃ နှစ်-ကောလိပ်ကျောင်းပြီးပြီးချင်း ပထမဆုံးရတဲ့ အလုပ်ပဲ။

ဒီလိုနဲ့ အသစ်စက်စက်လက်ထောက်မင်းကြီးဟာ ဆိုဝီတိုက စာမတတ်ပေမတတ် အိမ်သာအလုပ်သမားများ အရေးကို ဖြေရှင်းဖို့ ဖြစ်လာခဲ့တယ်။ ဒါ ဂျိုဟန်နတ်စဘတ်ရဲ့ အစဥ်အလာလုပ်ထုံးလုပ်နည်းပဲ။

ဆိုဝီတို ဂျာဒူဝါလား အမျိုးကောင်းသားသမီးများ ဟာ တကယ်စာမတတ် ပေမတတ်တွေလားဆိုတာ ဘယ်သူမှ သေချာမသိပါဘူး။ ဒီလိုပဲ ခေါ်နေကြတာပဲ။ သူတို့ အားလုံးကျောင်းမသွားကြတာရယ်-ဂျာဒူဝါလား တန်းလျှားမှာ နေကြတာရယ် ဒါတော့ သေချာတယ်။

ပန်းချီကားကုန်သည် သူ့အဖေထည့်ပေးလိုက်တဲ့ သက်တော်စောင့်ခြံရံပြီး မိလ္လာရုံးကို ချီတက်လာတဲ့ ပီးယက်ဒူတွန့်ဟာ အထဲဝင်ဝင်ခြင်း ကြိုင်လှိုင်သင်းနေတဲ့ အနံ့ကြောင့် သာခွေယိုင်သွားတယ်။ စားပွဲဟိုဖက်မှာ တော့ အလုပ်ထုတ်ခံရတော့မယ့် မိလ္လာမန်နေဂျာထိုင်တော်မူနေတယ်။ သူ့နားမှာ ရပ်နေတဲ့ ကလေးမလေးကတော့ ပွစိပွစိပြောလာတဲ့ ပီးယက်ကို ကြုံးထားတဲ့ အီအီးတွေဟာ အရည်အသွေး မကောင်းတဲ့ အတွက် အနံ့လေးနည်းနည်းဆိုးနေတာဖြစ်ကြောင်း ရှင်းပြနေတယ်။

ဒီကောင်မလေးဟာ သူ့ကို ပြောင်နေလှောင်နေတာလားလို့ စစချင်း ထင်မိပေမဲ့ အဲလိုမဟုတ်ဖူး-သူတကယ်ကို အားကြိုးမာန်တက်ရှင်းပြနေရှာတာ။

ထားလိုက်ပါတော့။ သူ မိလ္လာမန်နေဂျာကို ပြောတယ်။ မန်နေဂျာလူစားထိုးဖို့  အထက်ကဆုံးဖြတ်တော်မူလိုက်ကြောင်း-အစားထိုးရွေးချယ်စရာ လူသုံးယောက် အမြန်ဆုံး ရှာထားပေးမယ်ဆိုရင် သုံးလစာ လစာ

လျှော်ကြေးရမယ်လို့ မှတ်ထား စေလိုကြောင်းပေါ့။ လတ်လတ်ဆတ်ဆတ် အလုပ်ထုတ်ခံရတဲ့ မန်နေဂျာဟောင်းက ပြန်မေးတယ်။

'ဒါဆို ကျွန်တော့်မူလအလုပ်ဖြစ်တဲ့ အမြဲတမ်း ဂျာဒူဝါလားအဖြစ် ပြန်လုပ် လို့ ရမလား ခင်ဗျာ'

'ဟင့်အင်း မရဘူး'

* * *

နောက်တစ်ပတ်ကြာတော့ လက်ထောက်မင်းကြီး ပီးယက်နဲ့ သူ့သက်တော် စောင့်တို့ နှစ်ယောက် မိလ္လာရုံးကို တစ်ဖန်ပြန်လည်ကြွရောက်လာကြတယ်။ မန်နေဂျာပြုတ်ဟာ သူ့ခုံမှာ ထိုင်နေဆဲ-ဟိုကောင်မလေးကလည်း သူ့နားမှာ ရပ်နေဆဲ။

'ဘယ်မတုံး မန်နေဂျာလောင်းလျာ သုံးယောက်'

မန်နေဂျာပြုတ်က မျက်နှာငယ်လေးနဲ့ တောင်းပန်တယ်။ မန်နေဂျာလောင်း နှစ်ယောက်က မလာနိုင်တော့ပါဘူးတဲ့ ။ တစ်ယောက်က မနေ့ညက လည်မျိုကို ဓားထိုးခံရလို့ သေပြီတဲ့ -နောက်တစ်ယောက်က ရောဂါပြန်ထနေတယ်တဲ့ ။ ဘာ ရောဂါ ပြန်ထတာလဲဆိုတာ ပီးယက်မသိချင်ပါဘူး။

'ဒါဆို တတိယတစ်ယောက်က ဘယ်မတုန်း' လို့ ဒေါပွပွနဲ့ မေးလိုက်တယ်။

'ဒီကောင်မလေးပေါ့ခင်ဗျာ၊ ကျွန်တော့်ကို သူ ကူညီနေတာကြာပြီခင်

ဗျ။ တော်တဲ့ ကလေးမပါပဲ'

'ဘာ-ကျုပ်က အသက် ၁၂ နှစ်လောက်ကောင်မလေးကို မန်နေဂျာခန့်ရ မတဲ့ လား'

ကောင်မလေးက ဝင်ပြောတယ်။

'၁၂ နှစ်မဟုတ်ပါဘူး ၁၄ နှစ်ပါ လုပ်သက်က ကိုးနှစ်ရှိပြီ'

အနံ့ကလည်း မခံနိုင်လောက်အောင်ဆိုးလာတယ်။ ဝတ်စုံမှာ တောင် အနံ့ကူး မလားလို့ ပီးယက် စိုးရိမ်လာမိတယ်။

'ညည်းဆေးတွေ ဘာတွေ သုံးသလား'

'ဟင့်အင်း မသုံးပါဘူးရှင့်'

'ကိုယ်ဝန်တွေဘာတွေရနေပြီလား'

'မရပါဘူးရှင့်'

လက်ထောက်မင်းကြီးဟာ ဘာဆက်ပြောရမှန်းမသိတော့ဘူး။ ဒီနေရာကိုလည်း သူ နောက်တစ်ကြိမ် ပြန်မလာချင်တော့ဘူး။

'ညည်းနာမည်ဘယ်လိုခေါ်လဲ'

'နွမ်ဘီကို ပါ'

'နွမ်ဘီကို နောက်ကဘာလဲ'

'မာရီကီ ထင်တာပဲရှင့်'

ဘုရားရေ-ကိုယ့်နာမည်တောင် ကိုယ်မသိကြပါလားနော်။

'အင်းလေ-ညည်းလုပ်နိုင်ရင်လည်း လုပ်ပေါ့'

'ဟုတ်ကဲ့ လုပ်နိုင်ပါတယ်ရှင့်'

'ကောင်းပြီ'

လက်ထောက်မင်းကြီးဟာ မန်နေဂျာပြုတ်ဖက်လှည့်လိုက်တယ်။

'မန်နေဂျာလောင်းသုံးယောက်ရှာထားပေးရင် သုံးလစာပေးမယ်လို့ ပြောခဲ့တယ်။ ခု ခင်ဗျားတစ်ယောက်ပဲရှာထားတော့ တစ်လစာပဲရမယ်- အသက် ၁၂ နှစ်သမီးကလွဲလို့ တခြားလူမရှာနိုင်တဲ့ အတွက် တစ်လစာပြန်ဖြတ်မယ်'

ကောင်မလေးက ဝင်ပြောတယ်။

'၁၂ နှစ်ဟုတ်ဖူး ၁၄ နှစ် ၁၄ နှစ်' တဲ့ ။

* * *

လက်ထောက်မင်းကြီးဟာ နှုတ်မဆက်ဘဲ ထွက်ခွာသွားတယ်။ သက်တော် စောင့်က ခြေနှစ်လှမ်းခွာပြီး ဖဝါးခြေထပ်လိုက်သွားတယ်။

သူ့အရင်ဘောစိရဲ့ ဘောစိဖြစ်လာတဲ့ ကောင်မလေးဟာ ဘောစိဟောင်းကို ကျေးဇူးတင်စကားဆိုရင်း သူ့ညာလက်ရုံးအဖြစ် ခန့်အပ်ကြောင်း ချက်ချင်းပဲ ကြေညာချက်ထုတ်လိုက်တယ်။ အရင်ဘောစိက စိုးရိမ်တကြီးမေးတာပေ့ါ။

'လက်ထောက်မင်းကြီးကို ဘယ်လိုပြောမှာ လဲ'

ဆိုတဲ့ အခါ အသက် ၁၂ နှစ်လို့ ထင်ရတဲ့ ၁၄ နှစ်အရွယ်ကလေးမလေးဟာ ဟောသလို ပြန်ပြောလိုက်တယ်။

'အို ရှင့်နာမည်ပြောင်းလိုက်တာပေ့ါ-လက်ထောက်မင်းကြီးက လူမ

ည်းတွေ ကို ဘယ်သူဘယ်ဝါ ခွဲခြားတတ်မယ် ထင်လို့ လား'

* * *

ဆိုဝီတိုဥာနခွဲရဲ့ မိလ္လာမန်နေဂျာအသစ်စက်စက်ဟာ ဘယ်တုန်းကမှ ကျောင်းမနေခဲ့ရဘူး။ သူကျောင်းနေဖို့ ထက် ပိုဦးစားပေးရမဲ့ကိစ္စတွေ သူ့အမေမှာ တစ်ပုံတစ်ခေါင်း ရှိနေတာရယ်-နွမ်ဘီကိုလို ကလေးတွေ ကျောင်းနေဖို့ ကိစ္စသည် သူတို့ အရေးကိစ္စ မဟုတ်ပေဖူးလို့ စွဲမှတ်ယုံကြ ည်ထားတဲ့ နိုင်ငံရေးခေါင်းဆောင် တွေ ထင်တိုင်းကြဲတဲ့ ၁၉၆၀ ပြည့်လွ န်နှစ်များမှာ တောင်အာဖရိကလိုနိုင်ငံမှာ လူဖြစ်လာခဲ့တာက တစ်ကြော င်း-အဲဒီအချိန်က ဝန်ကြီးချုပ်ဆိုသူ မြွက်ကြားခဲ့တဲ့ ထင်းခွဲရေခပ်လော က်သာ သုံးလို့ ရတဲ့ ငမည်းတွေကို ကျောင်းပို့တော့ရော ဘာစောက်သုံး ကျမတဲ့ တုန်းဆိုတဲ့ မိန့်ခွန်းတော်ကြောင့် တစ်ကြောင်း-အကြောင်း ကြောင်းသောအကြောင်းတွေကို အကြောင်းပြုပြီး သူကျောင်းမနေခဲ့ရ။

လူမည်းတွေဟာ ထင်းခွဲ ရေခပ်ဘဲ အသုံးကျတယ်ဆိုတဲ့ ဝန်ကြီးချုပ် ဟာ တယ်မှားသကိုး။ ခုနွမ်ဘီကိုကို ကြည့်လေ-ထင်းလည်း မခွဲဘူး-ရေ လည်း မခပ်ဘူး-အီးပဲကြုံးနေတာမဟုတ်လား။ နို့ အီးမကြုံးလို့ ဘာလုပ် ရမတုန်း။ ဒီလို ငပိန်မည်းမလေးဟာ ဘုရင်တွေသမ္မတတွေရဲ့ လူ့မလိုင် လူ့ထောပတ်အသိုင်း အဝိုင်းမှာ ကျင်လည်ဖို့ -သပိတ်လက်နက်ကိုင်စွဲပြီး တိုင်းပြည်အသီးသီးကို သိမ့်သိမ့် တုန်စေဖို့ -ကမ္ဘာ့ဖွံ့ဖြိုးရေးဖြစ်စဥ်ကြီး ကို လွှမ်းမိုးချုပ်ကိုင်ဖို့ ဖြစ်လာလိမ့်မယ်လို့ ယုံစရာလည်း တစိုးတစိမှ မ ရှိဘဲကိုးနော်။

အဲလိုဖြစ်ခဲ့ရင်လည်း သူဟာသူ မဟုတ်တော့ဘူးလေ-ဒါပေမဲ့ခုတော့ သူဟာ သူ ဟုတ်တယ်လေ။

ပထမဆုံးအချက်က သူဟာ အင်မတန်အလုပ်ကြိုးစားတယ်။ အသက်ငါးနှစ်အရွယ်ထဲက သူ့အရပ်နဲ့ အမျှရှိတဲ့ မိလ္လာပုံးတွေကို သူသယ်ခဲ့ရတယ်။ အဲသလို လုပ်ပြီးရင် သူ့အမေညနေသောက်ဖို့ တစ်ပုလင်းစာလောက် ပိုက်ဆံလုံလုံလောက် လောက်ရလာတယ်။ သူ့အမေဟာ ကျေးဇူးတင်လိုက်တာ သမီးလေးရယ်လို့ ရေရွတ်ရင်း ပုလင်းကိုယူ အဖုံးကိုဖွင့်ပြီး မဆုံးနိုင်တဲ့ သူ့ရဲ့ နာကြင်မှုတွေကို ထုံသွားအောင် ကုစားတော့တယ်။ သူ့အဖေကတော့ သန္ဓေအောင်ပြီး မိနစ်နှစ်ဆယ်လောက်ကတည်းက သူ့သမီးရဲ့ ဘဝအောင်ပွဲတွေကို ရှောင်လွှဲသွားခဲ့တာ။

အဲ-ဒီလိုနဲ့ နွမ်ဘီကိုလေးဟာ တဖြည်းဖြည်းကြီးရင့်လာတာနဲ့ အမျှ မိလ္လာပုံးတွေ ပိုပိုထမ်းနိုင်လာ-ဝင်ငွေကလည်း အရက် တလုံးစာထက်ပိုလို့ လာ-သဟာကြောင့် မို့ သူ့မာတာမိခင်ကျေးဇူးရှင်ဟာ အရက်သာမက ဆေးလေးတွေပါ သုံးတတ်လာ။ ဒီအတိုင်း ဆက်သွားလို့ ကတော့ မဖြစ်တော့ဘူးဆိုတာ သိလာတဲ့ ကလေးမခမျာ သူ့အမေကို မေတ္တာရှေ့ထားပြီး အားလုံးကို ပြတ်သွားအောင် အမေဖြတ်ရင်ဖြတ်-ဒါမှ မဟုတ်ရင်သေလို့ ဖျောင်းဖြရှာတော့ သူ့အမေဟာ ခေါင်းတညိတ်ညိတ်နဲ့ နားလည်သွားတော့တယ်။

* * *

အသုဘက စည်ကားသားပဲ။ ကိုယ့်ကိုယ်ကိုယ် ဖြည်းဖြည်းညှင်းသ

တ်ဖို့ နဲ့ သေခါနီးသူများကို နှုတ်ဆက်ဖို့ နှစ်ခုပဲလုပ်တတ်တဲ့ ဆိုဝီတိုက လူတွေအတော် များများ တက်တယ်။ သူ့အမေသေတော့ နွမ်ဘီကိုအသက် ဆယ်နှစ်-ရှေ့မှာ ပြောခဲ့သလို အဖေကတော့ ဘယ်တုန်းကမှ မရှိခဲ့။ ပထမဆုံးလစာချက်ကို လက်ဝယ် ပိုင်ပိုင်ရချိန်မှာ သူစားစရာပြေးဝယ်တယ်။ မိုက်တင်းသွားတော့ သူ့အလုပ်ခွင် ဘေးပတ်ချာလည်ကို လျှောက်ကြည့်ပြီး ငါဒီလိုနေရာမျိုးမှာ ဘာလုပ်နေတာပါလိမ့်လို့ ရေရွတ်နေခဲ့တယ်။

ဒါပေမဲ့ သူ့မှာ ရွေးစရာအများကြီးမရှိဘူးဆိုတာလည်း သူ သေချာသိပါတယ်။ တောင်အာဖရိက အလုပ်အကိုင်ရှာဖွေရေး ဈေးကွက်မှာ စာမတတ် ပေမတတ် ဆယ်နှစ်သမီးကို အဓိကထားရှာတဲ့ လူ ဘယ်သူရှိလို့တုန်း။ ဆိုဝီတိုဆိုတဲ့ နေရာက သာတောင်ဆိုးသေး၊ အလုပ်အကိုင်ဈေးကွက် ဆိုတာတောင်ရှိတာ မဟုတ်ဘူး ။

ဒါပေမဲ့လည်း ဤလောကမြေမဟီမှာ မှီတင်းနေထိုင်ကြတဲ့ သက်ရှိလူသား အားလုံးနေ့စဉ်လုပ်တဲ့ အလုပ်က အီအီးပါခြင်း မဟုတ်လား။ အီးလောကတည်မြဲ နေသရွေ့နွမ်ဘီကို ထမင်းမငတ်။ ခုဆို အမေမရှိတော့လို့ သူ့လခဟာ သူအပိုင်ပဲ။

ငါးနှစ်သမီးဘဝကစလို့ ပျင်းပျင်းရှိတိုင်း မိလ္လာပုံးတွေကို သူရေတွက်တယ်- တစ်-နှစ်-သုံး-လေး-ငါး။ အဲဒီရေတွက်လေ့ကျင့်ခန်းကို လုပ်ရင်းလုပ်ရင်းနဲ့ သူ့အလိုလို ဒါမျိုးတွေတတ်လာခဲ့တယ်။

'မိလ္လာ ၁၅ ပုံးကို လူ (၇) ယောက် (၃) ကြိမ်ထမ်းပြီး တခြားတစ်ယောက် ကတော့ တည်မရအောင်မူးနေလို့ ဘာမှ မထမ်းနိုင်ရင် စုစုပေါင်းမိလ္လာ ၃၁၅ ပုံးပေါ့'

နွမ်ဘီကို့အမေဟာ အရက်နဲ့ ဆေးကလွဲ ဖွဲ့နဲ့ ဆန်ကွဲဆိုပေမဲ့ သူ့သမီး

အပေါင်းအနှုတ်တတ်နေတာတော့ ရိပ်စားမိခဲ့တယ်။ ဒါကြောင့်မို့လည်း သူ့ဘဝရဲ့ နောက်ဆုံးနှစ်မှာ သူ့သမီးကို မဟာတာဝန်ကြီးပေးခဲ့တယ်။ အရက်ကတော့အရက်အတိုင်းထား-ဆေးတွေကို ၅၀-၁၀၀-၂၅၀-၅၀၀ မီလီဂရမ်အမျိုးအစားခွဲခြားပေးစေတဲ့ -ဆယ်နှစ်သမီးလေးဟာ ဒီတာဝန်ကို အလွယ်တကူပဲ ထမ်းဆောင်နိုင်ခဲ့တယ်။ အေးဆေးပဲ။

သူ့ဘောစိတစ်ယောက် လစဥ်ကြေးအိီးအလေးချိန်နဲ့ ပတ်သက်လို့ သောကများ နေချိန်မှာ လည်း သူ အလွယ်တကူ ကူညီနိုင်တာပဲ။

'အင်း ကိုးဆယ့်ငါးကို ကိုးဆယ့်နှစ်နဲ့ မြှောက် ဘယ်လောက်တုန်းကွာ-ဂဏန်းပေါင်းစက်ဘယ်မတုန်းဟေ့'

'၈၇၄၀ ပေါ့'

'ကောင်မလေး ဂဏန်းပေါင်းစက်ရှာပေးဆို'

'၈၇၄၀ လေ'

'နင် ဘာပြောနေတာလဲ'

'၉၅ ကို ၉၂ နဲ့ မြှောက်တာလေ'

'ဟင် နင် ဘယ်လိုလုပ်သိလဲ'

'ဒီလိုလေ ၉၅ ဆိုတာ ၁၀၀ အနှုတ် ၅- ၉၂ ဆိုတာ ၁၀၀ အနှုတ် ၈-အဲဒီ နှစ်ခုပေါင်း ၁၀၀ ထဲက နှုတ် ၈၇ ကျန်လိမ့်မယ်။ ၅ ၈ လီက ၄၀-ဒီ နှစ်ခု ကပ်လိုက်ရင် ၈၇၄၀ ပေါ့'

မန်နေဂျာဟာ ပါးစပ်ကြီးပြဲသွားတယ်။

'ဟင် နင်ဘယ်လိုစဥ်းစားလိုက်တာတုန်း'

'သိဘူး ဒီလိုပဲ ကဲ အလုပ်ဆက်လုပ်ဦးမယ်'

အဲဒီနေ့ကစလို့ သူ မန်နေဂျာ့လက်ထောက်ဖြစ်လာခဲ့တယ်။

အဲသလိုရာထူးတိုးခံရပေမဲ့ အီးပုံးတွေကိုရေတွက်နိုင်တဲ့ စာမတတ်သူ ကလေးဟာမပျော်နိုင်ရှာပါဘူး။ ပိုပိုပြီးစိတ်ရှုပ်လာတယ်။ ဂျိုဟာန်နက်စဘတ်ကနေ မန်နေဂျာ့စားပွဲပေါ်ရောက်ရောက်လာတဲ့ လုပ်စေ အမိန့်တော်စာတွေဟာ တယ်နားလည်ရခက်တာကိုး။ မန်နေဂျာ့ခမျာလည်း အဲဒီစာတွေရဲ့ အနက်အဓိပ္ပာယ် ကိုသိရဖို့ အရေး ချွေးဒီးဒီးကြအောင် အားထုတ်ရတယ်။ အဘိဓာန်အတိုအရှည် မျိုးစုံကို သုံးပြီး သူနားလည်တဲ့ အဓိပ္ပာယ်ကိုရအောင် အမျိုးမျိုးကြံဆောင်ရတာပ။

'ခု သူတို့ က ဘာလိုချင်ပြန်ပြီတဲ့ တုန်း'

နွမ်ဘီကိုက မန်နေဂျာစာဖတ်ပြီးတိုင်း ခုလိုမေးလေ့ရှိတယ်။ မန်နေဂျာကလည်း တွေငေးငေးကြီးလုပ်ရင်း ခုလို ပြန်ဖြေလေ့ရှိတယ်။

'အလုပ်ကိုသေချာလုပ်ဖို့ နဲ့ စိတ်တိုင်းမကျရင် ပိတ်သိမ်းပစ်မယ်လို့ ပြောနေတယ်ထင်တာပဲ ငါလည်း မရှင်းဘူး'

မန်နေဂျာဟာ သက်ပြင်းကြီးချလိုက်တယ်။ သူ့လက်ထောက် ကောင်မလေးခမျာ သူ့ဘောစိကို မကူနိုင်ရှာ။ ဒါကြောင့် သူလည်း လေ သက်မကြီးချရင်း ဆရာတပည့်နှစ်ယောက် တဟင်းဟင်း။

* * *

မကြာပါဘူး ကံကောင်းစေမဲ့ကိစ္စတစ်ခုဖြစ်လာတယ်။ ၁၃ နှစ်သမီး နွမ်ဘီကို ကို ဘုံရေချိုးခန်းထဲမှာ အရိုးပဒေသာအလုပ်သမားတစ်ယောက်က နသားပါယား လုပ်ဖို့ ကြံတယ်။ သိပ်ကြာကြာမကြံရပါဘူး။ ခဏ

နေတော့ ကောင်မလေး ဟာ သူ့ပေါင်ကို ကပ်ကြေးနဲ့ စိုက်ပြီး သူ့စိတ်တွေကိုပြောင်းစေခဲ့တယ်။

နောက်တစ်နေ့ကျတော့ ပေါင်မှာ ပတ်တီးအဖွေးသားနဲ့ အမျိုးကောင်းသား အလုပ်သမားကြီးဟာ သူ့ရဲ့ အစိမ်းရောင် တောက်တောက်သုတ်ထားတဲ့ သံဖြူတဲရှေ့မှာ ကုလားထိုင်တလုံးနဲ့ ထိုင်နေတာကို နွမ်ဘီကို တွေ့လိုက်တယ်။ အလို သူ့ပေါင်ပေါ်မှာ စာ-စာအုပ်။

'ဟဲ့ နင်ဘာလိုချင်လို့ တုန်း'

နွမ်ဘီကိုကို ကြည့်ရင်း အဲဒီလူက ရှုံ့တွန့်တွန့်ပြောတယ်။

'ကျွန်မ ကပ်ကြေး ဦးလေးပေါင်မှာ စိုက်ကျန်ခဲ့တဲ့ မဟုတ်လား-အဲဒါ ပြန်လိုချင်လို့ '

'ငါလွှင့်ပစ်လိုက်ပြီ'

'ဒါဆို ဦးလေး ကျွန်မကို ကပ်ကြေးအကြွေးပြန်ပေးရမယ်-ဦးလေး ဘယ်လို စာဖတ်တတ်တာလဲ ပြော'

အဲဒီအရိုးပဒေသာကြီးနာမည်က သာဘိုတဲ့ ။ ပါးစပ်ထဲက သွားတွေ တစ်ဝက်လောက်လွတ်နေတဲ့ ဒီပိန်ညောင်ကြီးဟာ ကပ်ကြေးစိုက်ခံထားရတဲ့ ပေါင်က နာလှတဲ့ အတွက် ဒီဒေါသကြီးတဲ့ ကောင်မလေးနဲ့ နည်းနည်းမှ စကားမပြောချင်ဘူး။ ဒါပေမဲ့လည်း ဆိုဝီတိုကိုရောက်ကတည်းက သူ့စာအုပ်တွေကို စိတ်ဝင်တစားရှိတာ ဒါပထမဆုံးပဲ။ အိမ်နီးနားချင်းတွေကတော့ တစ်တဲလုံး မတန်မရာ စာအုပ်တွေနဲ့ ပြည့်နေလို့ သူ့ကို အရူးသာဘိုလို့ ခေါ်ကြတယ်။ ကောင်မလေးကတော့ သူ့ကို အရူးလို့ ထင်ပုံမရဘူး။ သူ့ စာအုပ်တွေကိုကြည့်ပြီး မနာလိုဖြစ်နေပုံပဲ။ ဟုတ်ပြီ-ဒါကို အခွင့်အရေးယူရချေသေး-ဟေး-ဟေး-ဟေး။

'အွန်း-အွန်း-ညည်းကစိတ်ချည်းပဲကိုး-စိတ်လေးနည်းနည်းလျှော့ပြီး လိမ္မာရင် ဦးလေးသာဘိုက ပြောပြမှာ ပေါ့နော-ပိုပြီး လိမ္မာရင် စာတောင် သင်ပေးဦးမှာ -သိလား'

နွမ်ဘီကိုကတော့ ရေချိုးခန်းထဲ ယီးတီးယားတားလုပ်ထားတဲ့ ဒီပိန်ညောင်ကြီးကို လိမ္မာဖို့ စိတ်ကူးမရှိပါဘူး။ သူ့မှာ နောက်ထပ် ကပ်ကြေးတစ်လက် ရှိသေးကြောင်း-ဦးလေးသာဘိုရဲ့ ကောင်းနေသေးတဲ့ နောက်ပေါင်တစ်ဖက်ကို မစိုက်ချင်ပါကြောင်း-ဦးလေးသာဘိုသာ စိတ်ထိန်းပြီး သူ့ကို စာရေးစာဖတ် သင်ပေးမယ်ဆိုရင် ပေါင်နံပါတ်(၂)ရဲ့ ကျန်းမာရေးဟာ အကောင်းပကတိဖြစ်နေမှာ ဖြစ်ကြောင်း ပြန်ပြောတယ်။

ဒီကောင်မလေးဟာ သူ့ကို တကယ်ပြောနေတာလား-ခြိမ်းခြောက်နေတာလား-သာဘိုခမျာ နားမလည်နိုင်ရှာ။

* * *

သာဘို သူ့ဌေး- သူဌေး သာဘို။ သူ့ရုပ်ကြည့်ရင် သူချမ်းသာတယ်ဆိုတာ ချိုးငုံပြောရင်တောင် ဘယ်သူမှ မယုံ။ အရှေ့ကိုတ်ပြည်နယ်-အဲလစ်ဇဘတ် ဆိပ်ကမ်းက တာပေါ်လင်တဲလေးတစ်လုံးထဲမှာ သာဘိုကလေး ဘွားမြင်လာ-ခြောက်နှစ်သားမှာ အမေ့ကို ရဲတွေက ခေါ်သွားပြီး သူ့ကို ပြန်မပေး-ခြောက်နှစ် ဆိုတာ ကိုယ့်ကိုယ်ကိုယ် ကောင်းကောင်း ထိန်းသိမ်းစောင့် ရှောက်နိုင်ပြီလို့ ယုံကြည်တဲ့ အဖေဟာ သားလေးပခုံးကို တင်းတင်းကိုင်ရင်း ဂရုစိုက်ဆိုတဲ့ သုံးခွန်းသော စကားကိုဆို-ဒါဘန်ကိုသွား ဘဏ်ဓားပြတိုက်ရင်း ပစ်သတ်ခံရလို့ သေ- သူ့ ဇာတ်လမ်း

က ဒီလိုလေ။

ခြောက်နှစ်သား သာဘိုဟာ ဆိပ်ကမ်းမှာ ခိုးလို့ ဝှက်လို့ ရတာလေးနဲ့ စားသောက်နေခဲ့တယ်။ သူကြီးလာရင် ချစ်မေကြီး ချစ်ဖေကြီးတို့ ခြေရာကို ဖဝါးခြေထပ်နင်းရင်း ထောင်ကျချင်ကျ-ပစ်သတ်လို့ သေချင်သေ-ဒါ သူ့ဘဝ အခြေအနေ။

သဟာပေမဲ့လို့ ထင်မှတ်မထားတဲ့ ကိစ္စတစ်ခု ဖြစ်လာခဲ့တယ်။ စပိန် သင်္ဘောသားတစ်ယောက်ဟာ သူ့တဲကလေးထဲရောက် လာပြီး အကြာကြီးနေသွားခဲ့တယ်။ ထမင်းချက်-သင်္ဘောသား-ကဗျာသမား အဲဒီ လူဟာ နေ့လယ်စာကို အစားအသောက်အစား ဆွန်းနက်ကဗျာတွေ တည်ခင်းညှေ့ခံတဲ့ အတွက် ဒေါသခြောင်းခြောင်းထွက်နေတဲ့ သင်္ဘောသား ဆယ့်နှစ်ယောက်က ရေထဲကန်ချတာကို ခံလိုက်ရတဲ့ လူပေါ့။

ဆိပ်ကမ်းဆီရေကူးလာ-သာဘို့တဲလေးထဲ တွားသွားဝင် လာပြီးက ထဲက အဲဒီသင်္ဘောသားဟာ ကဗျာအတွက်ပဲ အသက်ရှင်နေထိုင်တော့ တယ်။ ကဗျာနဲ့ နေ-ကဗျာနဲ့ သွား-ကဗျာနဲ့ စား-ကဗျာနဲ့ အိပ်ရင်း ကြာ လာတော့ မျက်လုံးက မွဲသထက် မွဲလာတယ်။ သူဟာ စားရဖို့ သောက်ရ ဖို့ အရေး သာဘိုကလေးကို ဇွတ်အတင်း အဓမ္မ စာသင်ပေးပြီး စာရေး စာဖတ်နဲ့ ပေါင်မုန့် လဲယူတယ်။ နောက်ပိုင်းမမြင်မကန်းဖြစ်လာတော့ သာဘိုက သူ့ကို စာဖတ်ပြရတယ်။ နောက်ဆုံး အိုလည်း အို ကန်းလည်း ကန်း ဖြစ်သွားတော့ သူဟာ မနက်စာ နေ့လည်စာ ညစာကို ပေါင်မုန့် မ စားတော့ဘဲ ပါဘလို နီရူဒါ (ကဗျာဆရာ)ကိုပဲ သုံးဆောင်တော့တယ်။

ကဗျာကို စားသုံးပြီး ရေရှည်နေလို့ မရဘူးဆိုတဲ့ သင်္ဘောသားတွေ မှန်ပုံပဲ။ ပါဘလိုနီရူဒါရဲ့ ကဗျာ့အာဟာရကို သုံးဆောင်ရင်း သင်္ဘောသား ဟာ ငတ်ပြတ် သေဆုံးတော့ သူ့စာအုပ်တွေအားလုံး သာဘိုအမွေရတာ

ပေါ့။ သာဘိုမယူလည်း သူ့ဟာတွေ ဘယ်သူမှ ယူမှာ မဟုတ်ဖူး။

စာတတ်ပေတတ်ဖြစ်နေတဲ့ သာဘိုအတွက် ဆိပ်ကမ်းမှာ အလုပ်က မရှားတော့ဘူး။ ညညဆို သာဘိုဟာ ကဗျာ-ဝတ္ထု-ခရီးသွားမှတ်တမ်းတစ်ခုခုကို ဖတ်နေလေ့ရှိတယ်။ ဆယ့်ခြောက်နှစ်ပြည့်တော့ သူ ဆန့်ကျင်ဖက်လိင်ဆိုတာကို ရှာဖွေတွေ့ရှိတယ်။ နောက်နှစ်နှစ်လောက်နေတော့ အဲဒီဆန့်ကျင်ဖက်လိင်ဆိုတာက သူ့ကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့တယ်။ ဆယ့်ရှစ်နှစ် မပြည့်မချင်း သာဘိုတစ်ယောက် အလုပ်ဖြစ်မဲ့ ဖော်မြူလာကို ရှာမတွေ့ခဲ့ဘူး။ အရင်တုန်းက သူ့ရဲ့ ဖော်မြူလာက အပြုံးသုံးပုံတစ်ပုံ၊ ဘယ်တုန်းကမှ မရောက်ဖူးဘဲ စိတ်ကူးနဲ့ ထင်ရာလျှောက်ပြောတဲ့ သူ့ကမ္ဘာတစ်လွှားစွန့်စားခန်း သုံးပုံတစ်ပုံ၊ ခင့်အတွက် အသက်ပင်သေသေ-ကမ္ဘာတည်သ၍ တည်မြဲမဲ့ ထာဝရမောင့်အချစ် ဘာညာသာရကာဆိုတဲ့ အလိမ်အညာသုံးပုံတစ်ပုံ ပေါင်းထားတဲ့ ဟာပေါ့။

အပြုံးရယ် ဇာတ်လမ်းရယ် အဖြီးအဖြန်းရယ် သုံးမျိုးတွဲဟာ ထင်သလိုအလုပ် မဖြစ်တဲ့ အခါမတော့ ဒီသုံးခုထဲ စာပေကို သူ ပေါင်းစပ်ထည့်သွင်းရင်း ဖော်မြူလာ သစ်ထွင်ခဲ့တယ်။ သူအမွေရထားတဲ့ အထဲမှာ ပါဘလိုနီရူဒါရဲ့ အချစ်ကဗျာနှစ်ဆယ် နဲ့ မျှော်လင့်ချက်မဲ့ တေးတစ်ပုဒ်ကို စပိန်သင်္ဘောသား ဘာသာပြန်ထားတဲ့ စာမူ တစ်ခုပါပါတယ်။ အဲဒီစာမူထဲက မျှော်လင့်ချက်မဲ့ တေးတစ်ပုဒ်ကို သူ ဆုတ်ဖြဲပြီး မီးမွှေးပစ်လိုက်ပေမဲ့ အချစ်ကဗျာနှစ်ဆယ် ကိုတော့ ဆိပ်ကမ်းက မိန်းမအယောက်နှစ်ဆယ်ကို သူ လေ့ကျင့်ရေးဆင်းပစ်လိုက်တယ်။ ဒါကြောင့် မို့ ခဏတာအချစ် ဆယ့်ကိုးခုကို သူ ခံစားစံစားရတယ်။ တကယ်တော့ အချစ် အခုနှစ်ဆယ် ခံစားရဖို့ ပဲ။ နီရူဒါဆိုတဲ့ ငတုံးဟာ နောက်ဆုံးကဗျာရဲ့ နောက်ဆုံးစာကြောင်းမှာ -အချစ်ဆိုတာ သူ့အတွက်မရှိတော့ပြီ ဆိုတဲ့ စာကြောင်းကြီး ရေးထည့်ခဲ့တာကို သာဘိုမသိလိုက်ဖူး။ သိတဲ့ အခါကြ

တော့ အင်မတန် နောက်ကျသွားခဲ့ပြီ။

နှစ်နည်းနည်းကြာလာတော့ သာဘို ဘာကောင်ဆိုတာ အိမ်နီးနားချင်းတွေ သိကုန်ကြတယ်။ သူ့အတွက် နောက်ထပ်စာပေအတွေ့အကြုံရှာဖို့ ဖြစ်နိုင်ချေ အင်မတန် နည်းပါးလာတော့တာပေါ့။ သူ့ဘဝဇာတ်ကြောင်းဆိုတဲ့ ကလိန်စေ့ငြမ်းဆင်တွေကလည်း အလုပ်မဖြစ်။ အဲဒီဇာတ်လမ်းတွေကလည်း ဘယ်လ်ဂျီယမ်ဘုရင်ဒုတိယမြောက် လီယိုပိုပြောခဲ့တာထက် တောင်ဆိုးသေးတယ်။ လီယိုပိုက သူ့အတွက် အလကားအလုပ်လုပ်ပေးဖို့ ငြင်းတဲ့ ဘယ်လ်ဂျီယမ် ကွန်ဂို ကိုလိုနီဒေသက မည်းတုန်းတာတွေကို ခြေတွေလက်တွေ ဖြတ်ပစ်လိုက်ရင်တောင် ကွန်ဂို ဒေသခံတွေဟာ သူ့အပေါ် အကြည်ညိုမပျက် ရှေးကထက် ပိုမိုချစ်ခင်ဦးမတဲ့ လေ-ပြောပုံက။

အင်း သာဘိုလည်း အဲဒီ ဘယ်ဂျီယမ်ဘုရင်ကြီးလမ်းစဥ်ကို ဖဝါးခြေထပ် လိုက်ခဲ့ပါသော်ကော။ (လီယိုပိုဟာ ပထမဆုံး သူ့ကိုလိုနီနယ်မြေကြီးကို ဆုံးရှုံးခဲ့တယ်။ နောက်တော့ သူ့ပိုက်ဆံတွေအားလုံးကို သူအင်မတန်ကြွေတဲ့ ပြင်သစ် ရိုမေးနီးယန်းစပ်ကျားဖာမကြီးအတွက် သုံးခဲ့တယ်။ နောက်တော့ သူ သေရော)-သာဘိုဟာ အဲလစ်ဇဘတ် ဆိပ်ကမ်းက ခွာတယ်။ မြောက်စူးစူးကို ခရီးနှင်တယ်။ အင်မတန် ပြည့်ပြည့်ဖြိုးဖြိုးရှိလှတဲ့ ဣထ္ထိယတို့ နေရာမြေ ဘီဆိုသိုဒေသမှာ သူ့ခရီးကို အဆုံးသတ်တယ်။

သူ ဘီဆိုသိုမှာ နှစ်ပေါင်းများ စွာ တစ်ရွာပြီးတစ်ရွာ လှည့်နေတယ်။ စာရေးစာဖတ်တတ်တဲ့ အတွက် သူ့အတွက်အလုပ်က အမြဲရှိတယ်။ တဖြည်းဖြည်းနဲ့ သူဟာ ဒီတိုင်းပြည်ကို လိုချင်လှတဲ့ ဥရောပသာသနာပြုအဖွဲ့တွေနဲ့ စေ့စပ်ညှိနှိုင်းသူ ဖြစ်လာခဲ့တော့တယ်။

ဘီဆိုသို လူမျိုးစုခေါင်းဆောင်ကြီး ဆီအစ်ဆိုကတော့ သူ့လူတွေ ခရစ်ယာန် ဖြစ်သွားတာ ဘာညာကို စိတ်မဝင်စားလှဖူး။ သူလိုချင်တာက သူ့တိုင်းပြည် ဘိုးဝါးတွေလက်အောက်က လွတ်မြောက်ဖို့ ပဲ။ ဒါကြောင့် သာသနာပြုအဖွဲ့တွေကို သာဘိုကတစ်ဆင့် သူ ညှိနှိုင်းတယ်။ သမ္မာကျမ်းတွေ ဖြန့်ဖြူးချင်ရင် လက်နက်တွေ ပါပေးဖို့ ပေ့ါ။

ဒါပေ့ါ-ဒါပေ့ါ-မှန်ကန်သင့်တော်ပေတာပေ့ါ-မိစ္ဆာလက်ထဲက ဘီဆိုသိုပြည်သူတွေကို ကယ်တင်တာဟာ မြင့်မြတ်တဲ့ အလုပ်အမှန်ဖြစ်ပေသပေ့ါ-ဒါကြောင့် မို့ ဘုန်းတော်ကြီးတွေနဲ့ သာသနာပြုအဖွဲ့တွေဟာ သမ္မာကျမ်းစာတွေနဲ့ အတူ အော်တိုမက်တစ် သေနတ်တွေ မြေမြှုပ်မိုင်းတွေကို ဖောဖောသီသီပေးတာပေ့ါ။

ကောင်းလိုက်တာ-သာသနာပြုလက်နက်တွေဟာ ရန်သူတွေကို ပင်လယ် အော်ဘက်က တက်မလာအောင် တားနိုင်ခဲ့တယ်။ သမ္မာကျမ်းရော-အဲ သမ္မာကျမ်း တွေကတော့ ဘယ်သူမှ မဖတ်တတ်လို့ မီးပုံရှို့လိုက်ကြတယ်။ ဒီအဖြစ်မှန်ကို သိသွားတဲ့ အခါ သာသနာပြုအဖွဲ့တွေဟာ ဗျူဟာပြောင်းတယ်။ ကျမ်းစာတွေဝေမဲ့အစား ဘုရားကျောင်းတွေ အများကြီး ဆောက်ပစ်လိုက်တာ ပေ့ါ။

သာဘိုရဲ့ စုံစီနဖာအလုပ်တွေထဲမှာ ဘုရားကျောင်းတွေက ဘုန်းတော်ကြီးတွေရဲ့ လက်ထောက်အလုပ်လည်း တစ်ခုအပါအဝင်ပေ့ါ။ အဲဒီမှာ နေရင်း သူ့စွမ်းရည် ကို တက်သတက်တက်အောင် လျှို့ဝှက်လေ့ကျင့်လို့ ရသလေ။

သို့သော် အမြဲတမ်းတော့ အဆင်ချောနေတာ မဟုတ်ဖူးပေ့ါ။ တောင်ပေါ် ရွာလေးတစ်ရွာမှာ တုန်းက ဘုရားကျောင်းက အင်္ဂလိပ်ဘုန်းတော်ကြီးဟာ ကောင်မလေးကိုးယောက်ပါ ကွိုင်ယာအဖွဲ့

ထဲက အနည်းဆုံးငါးယောက်လောက်ကို မောင့် အချစ်ဟာ ထာဝရပါလို့ ကတိကဝတ်ပြုထားတဲ့ လူတစ်ယောက်ရှိနေတယ်ဆိုတာကို သိလိုက်ရတယ်။ ဒါဟာ ကွိုင်ယာအဖွဲ့ဝင်လို အယောင်ဆောင်ပြီး ဘာသီချင်းမှ မဆိုတတ်တဲ့ သာဘို့လက်ချက်ဆိုတာ သူ တန်းသိတာပေါ့။

ခံရတဲ့ ကောင်မလေးငါးယောက်ရဲ့ အဖေတွေကို ဘုန်းတော်ကြီးက ဆက်သွယ်တယ်။ သံသယရှိသူကို ရိုးရာနည်းလမ်းတွေနဲ့ စစ်ဆေးမေးမြန်းဖို့ ဆုံးဖြတ်ကြတယ်။ ရိုးရာနည်းလမ်းဆိုတာက တရားခံကို ကိုယ်တုံးလုံးထား လပြည့်ညမှာ ပုရွက်ဆိတ်အုံပေါ် ဖင်ခုထိုင်ခိုင်းပြီး အရပ်မျက်နှာငါးခုကနေ လုံ့ပုံ့ငါးစင်းနဲ့ ထိုးစိုက်ဖို့ ပဲ။ ဒါကြောင့် လပြည့်ညမတိုင်ခင် သာဘို့ကို တဲတစ်လုံးထဲမှာ ချုပ်ထားတယ်။ အချုပ်သားသာဘိုကို ဘုန်းတော်ကြီးက စောင့်ကြည့်ရတယ်။ နေပူလွန်းတဲ့ အတွက် ဘုန်းတော်ကြီးဟာ မြစ်ထဲဆင်း ရေသုံးသပ်ရင်း မြစ်ထဲက အပြစ်သားရေမြင်းတကောင်ကို ကယ်တင်တော်မူဖို့ ဆုံးဖြတ်တယ်။ ရေမြင်းရဲ့ နှာခေါင်းကို လက်တော်နဲ့ ဖိရင်း အို-ချစ်သား-ယေရှုသခင်ဟာလေ- ဆိုတဲ့ အချီး နိဒါန်းကို ရေရွတ်နေတုန်း ရေမြင်းပါးစပ်ကြီးပြဲ လာပြီး ဘုန်းတော်ကြီးကို နှစ်ပိုင်း ပြတ်သွားအောင် ကိုက်ထည့်လိုက်တော့တယ်။

ထောင်မှူးဘုန်းကြီး ပျံလွန်တော်မူသွားတဲ့ အတွက် သာဘိုဟာ ပလီတိချောက်ချက်ပြောရင်း မိန်းမထောင်မှူးတစ်ယောက် ရအောင်ကြံတယ်။ အဲဒီမိန်းမထောင်မှူးကို ပါပလိုနီရူဒါ အပင်းသွင်းတယ်။ ထောင်မှူးရဲ့ အကူအညီနဲ့ သူလွတ်မြောက်သွားတော့ တို့ နှစ်ယောက် ဘယ်လိုတုန်းလို့ မျှော်လင့်ချက်တစ်ခွဲသားနဲ့ မေးလာတဲ့ ထောင်မှူးကို အချစ်ဆိုတာ မင်းအတွက် မရှိတော့ပြီလို့ ပြတ်ပြတ်သားသားပြောရင်း သူ သုတ်ခြေတင်တော့တာပေါ့။

* * *

သေချာမသိတဲ့ လူတွေအဖို့ သာဘိုဟာ ဘုရားသခင်ရဲ့ စောင့်ရှောက်မှုကို ရနေတယ်လို့ ထင်မှာ ပဲ။ မြို့တော် မာဆီရူးကို ညကြီးမင်းကြီး ပြေးလာတဲ့ ဆယ့်နှစ်မိုင်ခရီးမှာ ခြသေ့်-ကျား-ကြံ့ ဘာသားရဲနဲ့ မှ မတွေ့ ခဲ့ရဘူးကိုး။ မြို့တော်ရောက်တော့ သူဟာ အကြီးအကဲ ဆီအစ်ဆိုနဲ့ ပြန်ဆက်သွယ်တယ်။ သာဘို့အရည်အချင်းကို သိတဲ့ ဆီအစ်ဆိုကလည်း သူ့ အကြံပေးအဖြစ် တစ်ခါထဲ တန်းခန့်တယ်။ အဲဒီအချိန်မှာ အကြီးအကဲဟာ တိုင်းပြည်လွတ်လပ်ရေးအတွက် ဗြိတိသျှတွေနဲ့ ညှိနှိုင်းနေချိန်ပေါ့။ ဒါပေမဲ့ သာဘိုမရောက်ခင်အထိ ညှိနှိုင်းမှုဟာ ရှေ့မရောက်ပါဘူး။ သာဘိုလဲရောက်လာရော ဘီဆိုသို လွတ်လပ်ရေးအတွက် လိုအပ်ရင် ကွန်ဂိုက ဂျိုးဆက် မိုဘူတူရဲ့ အကူအညီကို ရယူဖို့ စဥ်းစားရလိမ့်မယ်လို့ သူ ဗြိတိသျှတွေကို ပြောထည့်လိုက်တယ်။

အလို-ဂျိုးဇက် မိုဘူတူ ဆိုပါလား။ စောက်ကျိုးနည်း ဆိုးတဲ့ လူ-စစ်တိုက်ဖို့ ချည်း ခေါင်းထဲရှိတဲ့ လူ-တိုက်တိုင်းလဲနိုင်တဲ့ လူ- သူ့ ကိုယ်သူ တိုက်တိုင်းအောင် အဂ္ဂမဟာ သေနာပတိချုပ်လို့ နာမည်ပေးချင်နေတဲ့ လူ။

'ဟုတ်သလေ-သူပေါ့-သူနဲ့ ကျုပ်နဲ့ က ငယ်ပေါင်းတွေလေ- ကျုပ်က သူ့ကို ဂျိုးလို့ ခေါ်သဗျ'

သာဘို့အပြောကို ကြားရတဲ့ ဗြိတိသျှကိုယ်စားလှယ်အဖွဲ့ဟာ ခေါင်းချင်း ရိုက်နေကြတယ်။ ဒီဒေသအတွက်လိုအပ်နေတာက ငြိမ်းငြိမ်းချမ်းချမ်းနဲ့ တိတ် တိတ်ဆိတ်ဆိတ် ဖြစ်ဖို့ ပဲ-အဂ္ဂမဟာသေနာပတိချုပ်ကို ပင့်ဖိတ်ပြီး သွေးချောင်းစီးဖို့ မဟုတ်ဖူး။ အင်း-အဲ။ ညှိနှိုင်းရေးစားပွဲမှာ ပြန်

ထိုင်ကြတော့ ဗြိတိသျှကိုယ်စားလှယ်အဖွဲ့ဟာ တစ်ညီတစ်ညွတ်ထဲ ပြောလိုက်တော့တယ်။

'ဟုတ်ပြီလေ-ဒီတိုင်းပြည် ခင်ဗျားတို့ လက်ထဲရောက်ပြီပေါ့ ခင်ဗျာ'

ဒီလိုနဲ့ ဘီဆိုသို ဒေသဟာ လီဆိုသိုနိုင်ငံ ဖြစ်လာခဲ့တယ်။ အကြီးအကဲ ဆီအစ်ဆိုဟာ ဒုတိယမြောက် မိုရှူးရှူး မင်းမြတ်အဖြစ် နန်းတက်တော်မူတယ်။ သာဘိုက ဘုရင်မင်းမြတ်ရဲ့ အရေးအပါဆုံး အနီးကပ်အကြံပေးပုဂ္ဂိုလ်ဖြစ်လာခဲ့တယ်။ ဘုရင်မင်းမြတ်ဟာ သာဘိုကို မိသားစုဝင်တစ်ယောက်လို ဆက်ဆံတယ်။ တိုင်းပြည်ရဲ့ အနာဂတ်ဖြစ်တဲ့ အရေးအပါဆုံး မိုင်းတွင်းက ထွက်လာတဲ့ စိန်ရိုင်းတွေ အိတ်တလုံးအပြည့် ချီးမြှင့်တော်မူတယ်။

ဒါပေမဲ့ တစ်နေ့မှာ သာဘို ပျောက်သွားခဲ့တယ်။ ဘုရင်မင်းမြတ်ရဲ့ အချစ်ဆုံး မျက်ရှု ညီမငယ် မင်းသမီးလေး မာဆီအစ်ဆိုဟာ ကြင်ယာမရှိသေးဘဲ ကိုယ်ဝန် ရှိလာတာကို ဘုရင်မင်းမြတ်မသိသေးခင် ၂၄ နာရီ အလိုမှာ ပေါ့။

မည်းသည်း ညစ်ပတ်တဲ့ သွားကျိုးတစ်ယောက်အဖို့ တောင်အာဖရိကရဲ့ ၁၉၆၀ ပြည့်လွန်နှစ်များမှာ လူဖြူအထက်တန်းလွှာ ကမ္ဘာထဲ ကျင်လည်ကျက်စားဖို့ ဆိုတာ စိတ်ကူးထဲမှာ တောင် မဖြစ်နိုင်ဖူး မဟုတ်လား ။ ဒါကြောင့် မို့ ဘီဆိုသို ကနေ ခွေးပြေးဝက်ပြေးပြေးလာတဲ့ သာဘိုဟာ စိန်ရိုင်းနည်းနည်းကို ငွေဖြစ်အောင် လုပ်ပြီး ဆိုဝီတိုကို ပေါက်ချလာခဲ့တယ်။

ဌာနခွဲ အပိုင်း(ခ)မှာ လွတ်နေတဲ့ သံဖြူတဲလေးတစ်လုံးတွေ့လို့ သူ ဝင်နေလိုက်တယ်။ ဖိနပ်တွေထဲကို ပိုက်ဆံထုတ်တွေ အပြည့်အသိပ်ထည့်တယ်။ စိန်အိတ်ကို မြေကြီးထဲမြှုပ်တယ်။ ကျန်တဲ့ စိန်တွေကို ပါးစပ်ထဲ

က လွတ်နေတဲ့ သွားတွေ နေရာမှာ စနစ်တကျ သူထည့်တယ်။

အဲဒီက မိန်းမတွေကို သူလုပ်နေကြ ထာဝရ မောင့်အချစ်ဇာတ်လမ်း မစခင် သာဘိုဟာ သူ့တဲကို အစိမ်းရောင် တောက်တောက်သုတ်တယ်။ ဖယောင်းပုဆိုး ဝယ်ပြီး မြေသားကြမ်းပြင်ကို ခင်းတယ်။ အဲလို လက်နက်ကိရိယာတွေ တပ်ဆင်ပြီးတဲ့ အခါမတော့ သာဘိုဟာ ဆိုဝီတိုတခွင် ပြပြစင်အောင် တွေ့သမျှမိန်းမကို ထာဝရမောင့်အချစ် ဂွင်ဆင်တော့တယ်။ တဖြည်းဖြည်း ဇာတ်လမ်းတွေ ရှုပ်လာတဲ့ အခါမှာ တော့ အေးအေးဆေးဆေး နားချိန်လေးရအောင် ဌာနခွဲ(ခ)က ကွထ္ထိယ တွေကို သူ မြှူဆွယ်ခြင်းအမှုမပြုဖို့ ဆုံးဖြတ်လိုက်တယ်။

စာဖတ်ခြင်းနဲ့ မိတ်လိုက်ခြင်း နှစ်ခုအပြင် သူ စွဲစွဲမြဲမြဲ လုပ်တဲ့ အလုပ်ကတော့ ခရီးသွားခြင်းပဲ။ တနှစ်ကို နှစ်ကြိမ်လောက် သူ အာဖရိကတခွင် ပြပြစင်အောင် ခရီးထွက်တယ်။ ခရီးထွက်ခြင်းဟာ သူ့အတွက် ဘဝအတွေ့အကြုံနဲ့ စာအုပ်သစ်တွေကို ရလာစေတယ်လေ။

ဘယ်လောက်သွားသွား-ဘယ်ကိုသွားသွား နောက်ဆုံးတော့ သူ့တဲလေးကို သူရောက်အောင် ပြန်လာတာချည်းပဲ။ သူတဲထဲက မြေကြီးအောက်မှာ သူ့ အနာဂတ်ရှိသလေ။ စိန်တွေအားလုံး ထည့်ရလောက်အောင် သူ့ပါးစပ်က မကျယ်-နေရာလွတ်လည်း မရှိသေးဖူးကိုး။

ဒါပေမဲ့ ကြာလာတော့ ဆိုဝီတိုမှာ ဝေဖန်သံတွေ ညံလာတယ်။ စာအုပ်တွေ အများကြီးနဲ့ ဒီအရူးဟာ နေထိုင်စားသောက် သွားလာဖို့ ပိုက်ဆံဘယ်က ရနေသလဲပေါ့။

ဒါကြောင့် မို့ ဒီအသံတွေတိတ်သွားအောင် သူ အလုပ်တစ်ခု လုပ်ဖို့ လိုလာတယ်။ အလုပ်ကလည်း တိုင်း၍ ယက်သည့် ပက္ကလာလို အခန့်သင့်ရှိနေပြီးသား-ဒါကြောင့် သူ မိလ္လာအလုပ်သမားဖြစ်လာခဲ့တယ်။

သူ့လုပ်ဖော်ကိုင်ဖက်တွေက စောစောသေမဲ့ မသာလောင်း အရက်သမားတွေချည်းပဲ။ အဲ-ဟိုတနေ့ကတော့ ရေချိုးခန်း တံခါးမှားဖွင့်လို့ ၁၃ နှစ်သမီး ကောင်မလေးတစ်ယောက်က သူ့ပေါင်ကို ကပ်ကြေးနဲ့ စိုက်လွှတ်တာ ခံလိုက်ရတယ်။ တကယ်က တံခါးမှားဖွင့်တာကို-အဲ မှန်ချင်လည်း မှန်မှာ ပေ့ါ။ အလကားဟာမလေး-ခုမှ ကလေးရှိသေးတာ-ဘာမှ ကိုမဘာသေးဘူး။ မိန်းမပစ္စည်း ဘာမှ မရှိသေးတဲ့ ဟာမလေး။

ကပ်ကြေးကတော့ အင်မတန် ထက်တာဟာ-နာလိုက်တာကို အသည်းခိုက် မတတ်ပဲ- ခု အဲဒီ ကောင်စုတ်မလေး တဲရှေ့ ရောက်နေပြီ-သူက စာသင်ပေးစေချင်သတဲ့ လေ။

'အင်း ဦးလေးက ကူညီချင်ပါတယ်-ဒါပေမဲ့ မနက်ဖြန်ကို ခရီးသွားရဦးမယ်'

သာဘို ပြောတာကို ကြားလိုက်ရတဲ့ နွမ်ဘီကိုဟာ အင်မတန် အံ့ဩသွားတယ်။ သူ့တစ်သက်လုံး ဆိုဝီတို အပြင်ဖက်ကိုမှ မရောက်ဖူးပဲ။

'ခရီးသွားမယ် ဟုတ်လား ဘယ်ကို သွားမှာ လဲ'

နွမ်ဘီကို့အမေးကို သာဘိုက-

'မြောက်ဖက်ကိုကွဲ့-ပြန်လာမှ ကြည့်ကြသေးတာပေ့ါ' လို့ ပြန်ဖြေလိုက်တော့တယ်။

* * *

သာဘိုခရီးသွားနေတုန်း နွမ်ဘီကိုဟာ အသက်တနှစ်ကြီးလာသလို

ရာထူးလည်း တက်လာတယ်။ သူဟာ သူ့အလုပ်ကို အသေအချာ စီမံခန့်ခွဲနိုင်တယ်။ သူ့ဌာနခွဲကို အစဥ်အလာအတိုင်း မြေမျက်နှာသွင်ပြင်ပေါ် မူတည်ပြီး ဇုန်တွေခွဲရာကနေ လူဦးရေပေါ် မူတည်ပြီး ဇုန်တွေ ခွဲချလိုက်တယ်။

'သုံးဆယ်ရာခိုင်နှုန်း တိုးတက်လာသဟေ့' မိလ္လာမန်နေဂျာဟောင်းက အထင်တကြီးပြောတော့ နွမ်ဘီကိုက-

'သုံးဆယ် ဒသမ နှစ်ရာခိုင်နှုန်းတိုးတက်တာ' လို့ ပြန်ပြောလိုက်တယ်။

ရောင်းလိုအားနဲ့ ဝယ်လိုအားဟာ အပြန်အလှန် မျှခြေရောက်လာတဲ့အတွက် နောက်ထပ် သန့်ရှင်းရေးဌာနအသစ် လေးခုလောက်ဖွင့်နိုင်လောက်အောင် ဘတ်ဂျက်တွေ ပိုလျှံလာခဲ့တယ်။

ဆယ့်လေးနှစ်သမီး မိလ္လာမန်နေဂျာဟာ သူ့နိစ္စဓူဝ နေ့စဥ်ဘဝမှာ ကြုံတွေ့နေရတဲ့ လူတွေရဲ့ ဘာသာစကား အသုံးအနှုန်းနဲ့ ပတ်သက်ပြီး လေးလေးနက်နက် စဥ်းစားနေခဲ့တယ်။ (ဆိုဝီတို မိလ္လာသမားတွေနဲ့ စကားပြောဖူးသူတိုင်း သူတို့ ပြောနေတဲ့ စကားလုံး တဝက်လောက်ဟာ ပုံနှိပ်ဖော်ပြဖို့ မသင့်-ကျန်တဝက်က စဥ်းတောင်မစဥ်းသားသင့်ဖူးဆိုတာ သိကြတယ်) နွမ်ဘီကို အဖို့ တော့ စကားလုံးတွေ စာကြောင်းတွေဟာ မွေးရာပါ စွမ်းရည်အဖြစ်ပါလာသလို သူ ပေါက်စလေးကထဲက မိလ္လာရုံးအခန်းထောင့်မှာ ရှိနေတဲ့ ရေဒီယိုကလည်း သင်ယူရတာတွေရှိတယ်။ ရေဒီယိုကလာတတ်တဲ့ အာဖရိကအကြောင်း တစ်စေ့တစ်စောင်းဆိုတဲ့ ကဏ္ဍကို သူ အမြဲနားထောင်တတ်တယ်။

မကြာသေးမီကာလက အန်ဂိုလာသည် လွတ်လပ်ရေးရခဲ့ပြီ ဖြစ်၏။ လွတ်လပ်ရေးမျိုးစေ့ချပေးခဲ့သည့် ပီအယ်လ်ယူအေ ပါတီသည် လွတ်လ

ပ်ရေးမျိုးစေ့ကို ရေလောင်းပေါင်းသင်ပေးခဲ့သည့် ပီစီအေပါတီနှင့် ပူးပေါင်း၍ လွတ်လပ်ရေးကို အခွန့်ရှည်တည်တံ့စေမည့် အမ်ပီအယ်လ်အေ ပါတီအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည် ။ အဆိုပါ ပါတီသည် အခြားသော လွတ်လပ်ရေးပါတီများ ဖြစ်သည့် အက်ဖ်အန် အယ်လ်အေ-ယူနီတာတို့ နှင့် လက်တွဲပြီး ဂုတ်သွေးစုပ်-အရင်းရှင်-နယ်ချဲ့ လူယုတ်မာ ပေါ်တူကီအစိုးရကို ထာဝရဆန့်ကျင်ရင်ဆိုင်တွန်းလှန်ရင်း မျိုးချစ် စိတ်ဓာတ်တို့ အစဉ်ရှင်သန်ကြီးထွားစေကာ ဤဒေသကို နယ်ချဲ့ကျူးကျော်မိခြင်းအတွက် ပေါ်တူကီတို့ ကို အဆုံးမသတ်သော နောင်တတို့ အမြဲရနေစေမည် ဖြစ်သည် ။ နှစ်ပေါင်းလေးရာ အုပ်ချုပ်စဉ်ကာလအတွက် တဏ္ဍသိုလ်တစ်ခုပင် ပေါ်ပေါက်အောင် မစွမ်းဆောင်နိုင်ခဲ့သည့် ကိုလိုနီနယ်ချဲ့အစိုးရကို မည်သည့် အခါတွင် မှ အန်ဂိုလာမြေပေါ် ခြေပြန်မချစေရ။

နွမ်ဘီကိုဟာ စာမတတ်တဲ့ အတွက် ဘယ်လိုစာလုံးတွေနဲ့ ဒီစာကြောင်းတွေကို တည်ဆောက်ရသလဲဆိုတာ မသိရှာဘူး။ ဒါပေမဲ့ ရေဒီယိုက လာသမျှထဲမှာ ပြောင်းလဲချိန်တန်ပြီဆိုတဲ့ စကားလုံးကို အစားအသောက်ဆိုတဲ့ စကားလုံးလိုပဲ သူ သဘောကျတယ်။ အဲဒီပြောင်းလဲချိန်တန်ပြီဆိုတာ ဒီမှာ ရှိနေတဲ့ အလုပ်သမားအားလုံးနဲ့ သက်ဆိုင်တယ်လို့ သူက ယူဆပြီး ခဏခဏပြောမိတာပေါ့။ အဲသလိုပြောတော့ အလုပ်သမားတွေက သူတို့ မန်နေဂျာဟာ နိုင်ငံရေးတွေ ပြောနေပါတယ်ဆိုပြီး စောဒက တက်ကြပါလေရော။ တစ်နေကုန် အီးပုံးထမ်းရတာ အားမရသေးလို့ နားလည်း ထောင်ရဦးမတဲ့ လား။

မိလ္လာမန်နေဂျာအနေနဲ့ နွမ်ဘီကိုဟာ ဘာမှ သုံးစားလို့ မရတဲ့ အလုပ်သမားတွေနဲ့ ဆက်ဆံရသလို သူ့ကိုအလုပ်ခန့်ခဲ့တဲ့ လက်ထောက်မင်းကြီး ဒူတွန့်နဲ့ လည်း ဆက်ဆံရတာပေါ့။ ဒူတွန့်ဟာ သူ့

ကို မန်နေဂျာအဖြစ် ခန့်ပြီးနောက်ပိုင်း ပထမဆုံးအကြိမ် ပြန်တွေ့တဲ့ အစည်းအဝေးမှာ ဘတ်ဂျက်ပြဿနာကြောင့် သန့်ရှင်းရေးဌာန အသစ်လေးခုအစားတစ်ခုပဲ ဆောက်နိုင်တော့မယ်လို့ ပြောတယ်။ နွမ်ဘီကိုလည်း သူ့နည်းသူ့ဟန်နဲ့ ဒီကိစ္စကို တုန့်ပြန်တာပေါ့။

'တန်ဇန်းနီးယားရဲ့ အပြောင်းအလဲတွေကို မစ္စတာလက်ထောက်မင်းကြီးအနေနဲ့ ဘယ်လိုများ မြင်ပါသလဲ ဂျူးလီးယပ်စ် ညီယေးယေးရဲ့ ဆိုရှယ်လစ် စမ်းသပ်မှုဟာ ကျရှုံးနေတယ်လို့ ပြောတယ်-မင်းကြီး ဘယ်လိုထင်လဲ'

'ဘယ်လို တန်ဇန်းနီးယား ဟုတ်လား'

'ဟုတ်တယ်လေ-တန်ဇန်းနီးယားမှာ ခု ဂျုံတန်ချိန် တစ်သန်းလောက်လိုသတဲ့ ။ နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့ရဲ့ ပြဿနာမဟုတ်တဲ့ ဒီကိစ္စကို ညီယေး ယေး ဘယ်လိုဖြေရှင်းမလဲ သိချင်တယ်-အဲဒီ နိုင်ငံတကာငွေကြေးရန်ပုံငွေ အဖွဲ့ဆိုတာကိုက ပြဿနာထုပ်ကြီးတစ်ခု မဟုတ်လား မစ္စတာလက်ထောက်ကြီး ရှင့်'

တစ်ခါမှ ကျောင်းမနေဘူး-ဆိုဝီတိုအပြင်ဖက်တစ်ခါမှ မရောက်ဖူးတဲ့ ဟာမလေးက ခုလိုပြောတော့ အာဏာလည်း ရှိ တက္ကသိုလ်ကလည်း ဘွဲ့ရတဲ့ လက်ထောက်မင်းကြီးဟာ တန်ဇန်းနီးယားနဲ့ နိုင်ငံရေးအခြေအနေနဲ့ ပတ်သက်ပြီး ဘာမှ မသိတဲ့ အတွက် ဖြုံသွားတုန်သွားတယ်။ အဲဒါနဲ့ မပြီးဘူး-ကောင်မလေးဟာ သန့်ရှင်းရေး ဘတ်ဂျက်နဲ့ ပတ်သက်ပြီး သူပြောသမျှကို အဟောသိကံဖြစ်အောင် ခုလိုလုပ်သလေ။

'နေစမ်းပါဦး ဘတ်ဂျက်တွေကို ဘယ်လိုတွက်ထားတာလဲ ဘာလို့ ရည်မှန်းတန်ဖိုးတွေကို လျှောက်မြှောက်ထားတာတုန်း အဲလိုတွက်ထားတော့ မှားတော့တာပေါ့'

အမလေး စာမတတ်ပေမတတ် ကောင်မလေးတဲ့ ။

ဒူတွန့် သူ့ကို မုန်းတယ်။

အားလုံးကို မုန်းတယ်။

* * *

နောက်သုံးလေးလကြာတော့ သာဘို ပြန်ရောက်လာခဲ့တယ်။ အလို-ကပ်ကြေးနဲ့ ကောင်မလေးက သူ့ဘောစိဆိုပါလား။ အဟိ-ကောင်မလေး မဟုတ် တော့ဘူး-ကောက်ကြောင်းလေးတွေ ပေါ် လာပြီ။

အဲဒီကောက်ကြောင်းတွေကြောင့် ပဲ သွားကျိုး ပိန်ညောင် သာဘို ကောင်ရဲ့ ရင်ထဲမီးပွားတွေထ-မုန်တိုင်းတွေ ထန်တာပေါ့။ ဒါနဲ့ သူ စဉ်း စားတယ်။ တစ်ဖက်မှာ သူ့ရဲ့ ချိုမြကြည်အပြုံး-အံ့ဖွယ်ပုံပြောစွမ်းရည်နဲ့ ပါဘလို နီရူဒါ-တခြားတစ်ဖက်မှာ ကောင်မလေးဟာ သူ့ဘောစိ+အတိ တ်က ကပ်ကြေး။ ကဲလေ-စဉ်းစဉ်းစားစား သတိထားပြီး ချဉ်းကပ်ဖို့ ဆုံးဖြတ်လိုက်တယ်။

'အွန်း-ခု ဦးလေး မင်းကို စာသင်ပေးဖို့ အချိန်ကျပြီ ထင်တယ်'

'ဟုတ်လား ကောင်းလိုက်တာ ဒီနေ့ပဲ စပေတော့-ဦးလေးဆီ ကျွန်မ တို့ လာခဲ့မယ်-ကျွန်မရယ်-ကပ်ကြေးရယ်'

သာဘိုကဆရာကောင်းဖြစ်သလို နွမ်ဘီကိုကလည်း တပည့်ကောင်း ။ သင်ကြားရေး သင်ယူရေးအလုပ်စပြီး သုံးရက်မြောက်မှာ နွမ်ဘီကို ဟာ သာဘို့တဲ အပြင်က ရွှံပြင်မှာ တုတ်ချောင်းနဲ့ အက္ခရာစာလုံးတွေ

ရေးနိုင်ပြီ။ ငါးရက် မြောက်မှာ သူ့ဘာသာသူ စာလုံးပေါင်းပြီး ဝါကျတ ည်ဆောက်နိုင်လာတယ်။ စစချင်းတော့ အမှားတွေချည်း-နှစ်လလောက် နေတော့ မှန်တာ များ လာတယ်။

စာသင်နားတဲ့ အချိန်တွေမှာ ဆရာသာဘိုဟာ တပည့်နွမ်ဘီကို,ကို သူ့စွန့်စားခန်းတွေအကြောင်း ပြောပြတယ်။ သူ ပြောတာတွေဟာ အမှန် တစ်ဝက် လုပ်ဇာတ်တစ်ဝက်ဆိုတာ နွမ်ဘီကို သိသားပဲ။

ခုတစ်ခေါက် သူ အီသီယိုးပီးယားကို သွားပြီး မင်းတကာတို့ ရဲ့ ဘုရ င်မင်းများမှူး၊ ယုဒရဲ့ ခြင်္သေ့မင်း၊ ဘုရားသခင်ကိုယ်တိုင် ဖြစ်တော်မူထ သော ဘုရင်ကြီး နဲ့ သွားတွေ့ခဲ့တာတဲ့ ။

'ဘယ်သူ့ကို ပြောနေတာလဲ ဟေလီဆီလက်ဆီလား'

သာဘိုက နွမ်ဘီကို့အမေးကို မဖြေဖူး။ သူက ပြောရတာ ပိုကြိုက် တာကိုး။

အနောက်အင်ဒီးစ်တခွင် ရက်စ်တာဖာရီ ဘာသာတရားကို ဖြန့်ဝေခဲ့ တဲ့ ဘုရားသခင် ဘုရင်ကြီးရဲ့ ဇာတ်လမ်းတော်ဟာ သိပ်ကို အရည်ရွှမ်း လွန်းတဲ့ အတွက် သာဘိုက ဒီအကြောင်းကို တစ်ရက်ရက်မှ အေးအေး ဆေးဆေးပြောပြမယ်တဲ့ ။ ခုတော့ အဲဒီ ဘုရားဘုရင်ကြီး နန်းကျတော်မူ ပြီတဲ့ ။ အလို-ဘယ့်နှာတုန်း။ ပြောတော့ တမန်တော်ဆို-လူဝင်စားဘု ရားဆို-နန်းချခံရတဲ့ ဘုရားဆိုတာ ရှိလို့ လား။

ဒီဇာတ်လမ်းရဲ့ နိုင်ငံရေးနောက်ခံအခြေအနေကို နွမ်ဘီကို မမေးပါ ဘူး။ မေးလည်း သာဘို မသိဘူးဆိုတာ သူ သေချာသိတယ်။ မေးလိုက်ရ င် ဇာတ်ရှိန်တက်နေတာလေး ရပ်သွားမှာ စိုးရတယ်။ ဒါကြောင့် အင်း ဆက်ပြောပါဦးလို့ သူ သာဘို့ကို မြှောက်ပေးတယ်။

နွမ်ဘီကို့စကားကြားရလို့ အားတက်သွားတဲ့ သာဘိုဟာ ကောင်မလေးနားကို တိုးပြီး သူ့ဇာတ်လမ်းကို ဆက်ပြောတယ်။ အီသီယိုးပီးယားဘုရင်ဆီက အပြန်လမ်းမှာ သူ ကင်ရှာဆာကိုဝင်- တောနက်ထဲက ဟိန်းသံများ ဆိုတဲ့ ပုဝါမကူရေ မရှူကြေး လက်ဝှေ့ပွဲကြီးမစခင် ဆရာကြီးကျော့ချ်ဖိုမင်နဲ့ ထိုးမဲ့ မိုဟာမက်အလီကို ကူညီခဲ့ရသေးသတဲ့ ။

'ဟယ် ဟုတ်လား စိတ်လှုပ်ရှားစရာနော်'

နွမ်ဘီကိုက အလိုက်သင့် ထောက်ပေးရင်း တကယ့်အဖြစ်မှန်က ဘယ်လိုများ ဖြစ်မလဲလို့ စဥ်းစားနေတယ်။ နွမ်ဘီကို့စကားကြောင့် သာဘိုပါးစပ်ကြီးပြဲသွားတယ်။ အဲသလို ပြဲသွားတော့ သူ့ပါးစပ်ထဲက ပြောင်ပြောင်လက်လက်အတုံးတွေကို နွမ်ဘီကို မြင်တာပေါ့။

'တကယ်တော့ ဆရာကြီး ဖိုမင်ကလည်း ဦးလေးအကူအညီကို သိပ်လိုချင်တာကွ-ဒါပေမဲ့ ငါက-----' သာဘိုဟာ ရှစ်ချီ မြောက်မှာ ဖိုမင် အလဲထိုးခံရပြီး မိုဟာမက်အလီက တန်ဖိုးဖြတ်မရတဲ့ သူ့အကူအညီအတွက် အလွန့်အလွန် ကျေးဇူးတင်နေတဲ့ အထိ အဆက်မပြတ် တရစပ်ပြောတယ်။

ဒါနဲ့ အလို့ မိန်းမက သိပ်လှတယ် သိလား။

'ဘယ်လို အလို့မိန်းမ ဟုတ်လား-နေပါဦး ဘယ်လို---------------'

သာဘိုက ပါးစပ်ကြီး ပြဲနေအောင် ရယ်တယ်။ နွမ်ဘီကို့နားကို ကပ်သထက် ကပ်လာတယ်။

'မင်းလည်း သိပ်လှတာပဲ နွမ်ဘီကို- အလို့ မိန်းမထက်တောင် ပိုလှသေးတယ်- မင်းနဲ့ ငါ နှစ်ယောက်ထဲ တစ်နေရာရာကို ထွက်သွားကြမယ်လေ-နော်-နော်'

သူ့လက်ကြီးက နွမ်ဘီကို့ ပခုံးကို သိုင်းဖက်လိုက်တယ်။

တစ်နေ့ရာရာသွားတာကောင်းပါတယ်။ ဒါပေမဲ့ ဒီပိန်ညောင်နဲ့ တော့ မဟုတ်ဘူး ။ ဒီတော့ ဒီနေ့ သင်ခန်းစာပြီးပြီပေါ့။ နွမ်ဘီကိုဟာ ကပ်ကြေးအသစ်ကို သာဘိုရဲ့ ကောင်းနေသေးတဲ့ ပေါင်မှာ စိုက်ချလိုက်ပြီး ထွက်လာခဲ့လိုက်တယ်။

နောက်တစ်နေ့ သူ သာဘို့တဲရှေ့ရောက်လာတယ်။ အလုပ်သမား သာဘို ခွင့်မဲ့ ပျက်ကွက်တဲ့ ကိစ္စ ဖြေရှင်းချက်ပေးစမ်း...။

အမလေး-ပေါင်နှစ်ဖက်လုံးက နာလှချည့်-ဘာလို့ နာနေတယ်ဆိုတာ ဘောစိ သိတန်ကောင်းပါရဲ့ နော်။

အင်း-သိပ့်ါ-နောက်တစ်ခါဆို ကပ်ကြေးကို ပေါင်တွေမှာ မစိုက်တော့ ပါဘူး-ဦးလေး သာဘိုအနေနဲ့ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်စွမ်း မရှိရင် ကပ်ကြေး က ပေါင်ကြားထဲက အရာကို စိုက်ဖို့ ဆုံးဖြတ်ပြီးသားပါ။

'နောက်တစ်ခုကျန်သေးတယ် ဦးလေး-မနေ့က ရှင့်ပါးစပ်ညစ်ပတ်ကြီးထဲ ဘာတွေရှိတယ်ဆိုတာ ကျွန်မ မြင်ခဲ့ပြီးပြီ-ကိုယ့်ကိုယ်ကိုယ် မပြုပြင်ရင် အဲဒီအကြောင်းကျွန်မ လူတိုင်းကို လိုက်ပြောပစ်မှာ '

သာဘိုဟာ အင်မတန် စိတ်သောကရောက်သွားတယ်။ သူ့ပါးစပ်ထဲက စိန်တွေအကြောင်းသာ လူတကာသိလို့ ကတော့ သူ တစ်မိနစ်တောင် အသက်ရှည်မှာ မဟုတ်ဘူး ဆိုတာ သူသေချာသိတယ်။ 'မင်း ငါ့ဆီက ဘာလိုချင်တာတုန်းကွာ' လို့ မေးလိုက်တဲ့ သူ့အသံက သနားစရာတောင် ကောင်းသေး။

'ကျွန်မ ဒီကို လာပြီး စာလာသင်တိုင်း နေ့စဉ် ကပ်ကြေးတလက်မ

ယူလာချင်ဘူး။ ကပ်ကြေးက စျေးကြီးတယ်။ ကျွန်မတို့ က ရှင့်လို့ ပါးစပ်ထဲမှာ သွားမဟုတ်တဲ့ တခြားဟာတွေ ဖြည့်ထားတဲ့ လူ မဟုတ်ဖူး'

'မင်း ငါနဲ့ ဝေးဝေးနေပါလား-စိန်တစ်လုံးပေးမယ်လေ'

သာဘိုရဲ့ လာဘ်ထိုးနည်းဟာ အရင်တုန်းက အလုပ်ဖြစ်ခဲ့ပေမဲ့ ခုမရဘူး။ နွမ်ဘီကိုက ဘာစိန်မှ မလိုချင်ဖူးတဲ့ ။ သူ မပိုင်တဲ့ ပစ္စည်းဟာ သူ့ဟာ မဟုတ်ဘူး တဲ့ လေ။ နောက်ပိုင်းမတော့ ကမ္ဘာရဲ့ တခြားတစ်ဖက်မှာ ဘဝတွေဟာ ထင်တာ ထက်ပိုရှုပ်ထွေးတဲ့ အဖြစ်သနစ်တွေနဲ့ ပြည့်နေတော့တယ်။

* * *

မိန်းမတွေကို ချစ်လှတဲ့ သာဘို့အတွက် သူ့ဘဝကို နိဂုံးချုပ်ပေးခဲ့သူက မိန်းမနှစ်ယောက် ဖြစ်နေတာကတော့ ရက်စက်တဲ့ သရော်ချက်တစ်ခုလိုပဲလေ။ အဲဒီ မိန်းမနှစ်ယောက်ဟာ ပေါ်တူကီ ပိုင်စိုးတဲ့ အရှေ့အာဖရိကမှာ မွေးဘွား ကြီးပြင်းပြီး လူဖြူ လယ်သမားတွေကို သတ်ဖြတ်-သူတို့ ပစ္စည်းတွေ-ငွေတွေ လုတဲ့ အလုပ်နဲ့ အသက်မွေးသူတွေပေါ့။ ပြည်တွင်းစစ်မဖြစ်ခင်အထိ သူတို့ လုပ်ငန်း အင်တာပရိုက်စ်ကြီးက အလုပ်ဖြစ်ခဲ့တယ်။

လွတ်လပ်ရေးရပြီးလို့ တိုင်းပြည်နာမည်ကို မိုဇမ်းဘစ်လို့ ပြောင်းပြီးပြီးချင်း လေးဆယ့်ရှစ်နာရီအတွင်း လူဖြူလယ်သမားတွေ တိုင်းပြည်ကထွက်စေ အမိန့်တော် ဆိုတာ ထွက်လာတယ်။ ဒါကြောင့် အမျိုးသမီးနှစ်ယောက်ခမျာ ရွေးချယ်စရာ မရှိရှာတော့ဘဲ လူဖြူတွေအ

စား ဖောဒွေးတဲ့ လူမည်းတွေကိုပဲ သတ်ရတော့တယ်။ ဒါလည်း မကြာပါဘူး။ တိုင်းသူပြည်သား လူမည်းများ ရဲ့ ပိုင်ဆိုင်သမျှ ပစ္စည်းတွေအားလုံး လက်ရှိအာဏာရ မာ့စ်-လီနင်ဝါဒီ ပါတီကို ရောက်သွားတဲ့ အခါ သူတို့ လုပ်ငန်း တစ်စခန်းရပ်သွားတယ်။ မကြာပါဘူး။ သူတို့ နှစ်ယောက်ကို အန္တရာယ်ကြီးတဲ့ ရာဇဝတ်ကောင်တွေလို့ သတ်မှတ်ပြီး လွတ်လပ်တဲ့ တိုင်းပြည်က လွတ်လပ်တဲ့ ရဲတွေဟာ အပူတပြင်းလိုက်ဖမ်းတော့တယ်။

ဒါကြောင့် မို့ သူတို့ ဟာ တောင်ဘက်ကို ပြေးလာကြရင်း ဂျိုဟန်နက်စဘတ်မြို့ ပြင်က ပုန်းလို့ ကွယ်လို့ ကောင်းတဲ့ ဆိုဝီတို ဒေသကို ရောက်ခဲ့ကြတယ်။

တောင်အာဖရိကရဲ့ စည်ပင်သာယာ မိလ္လာမြို့ကြီးဟာ (လူမည်းတစ်ယောက် အဖို့ ) အလွယ်တကူ ကိုယ်ရောင်ဖျောက်နိုင်တဲ့ နေရာပဲ။ ပြဿနာကတော့ ဆိုဝီတို က ရှိသမျှ လူရှစ်သိန်းလုံးရဲ့ စည်းစိမ်ဥစ္စာဟာ ပေါ်တူကီပိုင်အရှေ့အာဖရိက က လူဖြူ လယ်သမားတစ်ယောက်ရဲ့ ဥစ္စာခနေထက် အများကြီးနည်းတယ် (သာဘို ကလွဲလို့ ပေ့ါ)။ ဘာပဲပြောပြော လူသတ်သမ နှစ်ယောက်ကတော့ ဆေးလုံးရောင်စုံတွေသောက်ပြီး ဘယ်သူ့ဖြစ်ဖြစ် သတ်ဖို့ ဖြတ်ဖို့ အဆင်သင့်ဖြစ်နေပြီ။ ဌာနခွဲ (ခ) ဆို တာကို ရောက်တော့ သံဖြူတဲအစုတ်အပြတ်တွေကြားမှာ အစိမ်းရောင်လွင်လွင် တဲလေးတစ်လုံးကို တွေ့ရော။ ဒီလိုအရောင်နဲ့ တဲပိုင်ရှင်ဟာ သူများ ထက်ပိုပြီး ချမ်းသာရမယ်လို့ လူသတ်သမနှစ်ယောက်ဟာ တစ်ထစ်ချ ယူဆပြီး ညကြီး သန်းခေါင် တဲထဲဝင်-သာဘို ရင်ဝကို ဓားနဲ့ စိုက်လိုက်တယ်။ ဒီလိုနဲ့ သူများ အသည်းတွေခွဲခဲ့သူကြီးဟာ သူ့အသည်းနှလုံးတွေ အစိတ်စိတ်အမွှာမွှာခွဲခံရပြီး ခန္ဓာစဲလို့ သေပွဲဝင်ရတော့တာပေ့ါ။

သူသေတော့ လူသတ်သမ နှစ်ယောက် သူ့တဲထဲမှာ မွေတယ်။ ကြည့်လေရာ စာအုပ်တွေချည်းပဲ။ ဒီအရူးကို သတ်မိတာ မှားပြီလားမသိ။

နောက်ဆုံးတော့ ဖိနပ်နှစ်ဘက်ထဲ အပြည့်အသိပ်ထည့်ထားတဲ့ ပိုက်ဆံထုတ်တွေကို တွေ့သွားကြတယ်။ တဲအပြင်မှာ ထိုင်ပြီး သူတို့ ဝေစုခွဲနေကြတုန်း သောက်ထားတဲ့ ဆေးလုံးတွေနဲ့ ရမ်က ဓာတ်ပြလာတဲ့ အတွက် သူတို့ နှစ်ယောက် ငုတ်တုပ်မေ့သွားကြတယ်။ ရဲတွေရောက်လာချိန်မှာ ငုတ်တုပ်ကြီး ပြုံးပြုံးကြီး မေ့နေတဲ့ လူသတ်သမနှစ်ယောက်ကို အသာလေး ကောက်ဖမ်းလိုက်တယ်။

လူသတ်သမနှစ်ယောက်ဟာ တောင်အာဖရိကရဲ့ ပြုပြင်ထိန်းသိမ်းရေးစနစ်မှာ အနှစ်သုံးဆယ် ပြုပြင်ထိန်းသိမ်းခံရတယ်။ ပိုက်ဆံထုပ်တွေကတော့ အစအန ပျောက်သွားတယ်။ သာဘို့အလောင်းကတော့ နောက်တစ်နေ့ထိ ဒီအတိုင်းတဲထဲ ရှိနေခဲ့တယ်။

န္တမ်ဘီကိုဟာ အခင်းဖြစ်တဲ့ ညမှာ အကြောင်းစုံသိခဲ့တယ်။ ရဲက လူသတ်သမ နဲ့ သာဘို့ ငွေတွေကို ယူသွားတော့ န္တမ်ဘီကိုဟာ သာဘို့တဲထဲဝင်လိုက်တယ်။

'ဦးလေးဟာ လူစုတ်လူပွဲဆိုပေမဲ့ ဦးလေးပြောတဲ့ ဇာတ်လမ်းတွေကတော့ စိတ်ဝင်စားစရာပါပဲ။ ဦးလေးကို ကျွန်မ သတိရနေမှာ ပါ-အနည်းဆုံးတော့ ဦးလေး စာအုပ်တွေကိုပေါ့'

သာဘို့ပါးစပ်ကိုဖြဲပြီး သူ စိန်ရိုင်းဆယ့်လေးလုံးကို ထုတ်လိုက်တယ်
။

'သွားပေါက် ဆယ့်လေးပေါက်-စိန်ဆယ့်လေးလုံး-ကွက်တိဖြစ်လွန်းနေသလားလို့ -ဟုတ်လား ဦးလေး'

သာဘိုက ပြန်မဖြေဘူး။ ဒါကြောင့် နွမ်ဘီကိုဟာ ဖယောင်းပုဆိုးကို လှန်ပြီး မြေကြီးကို တူးတယ်။ သူရှာနေတာကို တွေ့တော့-

'အဲလို ရှိမယ်ဆိုတာ သိသားပဲ' လို့ ပြောလိုက်သေးတယ်။

နွမ်ဘီကိုဟာ သာဘိုအလောင်းကို ဆေးကြောသန့်စင်ပြီး သူ့မှာ ရှိတဲ့ တစ်ခုထဲသော အဝတ်ဖြူစနဲ့ အလောင်းကိုပတ်ပြီး တဲပြင်ဆွဲထုတ်လိုက်တယ်။ သူလည်း သိက္ခာနည်းနည်းတော့ ရှိဦးမှ ပေါ့။ အများကြီးမဟုတ်ပါဘူး။ နည်းနည်းပါ။

နွမ်ဘီကိုဟာ သူ့ရဲ့ တစ်ထည်ထဲသော ဂျာကင်အတွင်းအိတ်ထဲ စိန်တွေ ထည့်ပြီး အသေအချာ ချုပ်တယ်။ ပြီးတော့သူ အိပ်ရာဝင်တယ်။

မိလ္လာမန်နေဂျာကောင်မလေးဟာ နောက်နေ့ တစ်နေ့လုံး အိပ်ပစ်လိုက်တယ်။ သူ့မှာ ရှေ့ဆက်လုပ်စရာတွေ အများကြီးရယ်။ နောက်ဆုံး သူ ရုံးခန်းထဲရောက်လာတော့ သူ့အလုပ်သမားတွေအားလုံး ရုံးခန်းထဲရောက်နေတာ တွေ့လိုက်ရတယ်။ အလို- ကြောင်မရှိ ကြွက်ထနေကြပါကလား။ တတိယမြောက်မနက်ခင်းဘီယာ ကိုယ်စီနဲ့ ပါကလား။ ဒုတိယမြောက်ဘီယာ ဗိုက်ထဲ ဝင်သွားပြီးကထဲက အလုပ်ဆိုတာ သွားစမ်းပါ စိတ်ဝင်သွားတဲ့ အလုပ်သမားတွေဟာ ဝိုင်းထိုင်ပြီး ကုလားဆိုတာ အာဖရိကန်ထက်ပို အောက်တန်းကျတဲ့ အကြောင်းကို မြိန်ရေယှက်ရေ ပြောနေကြတယ်။ နွမ်ဘီကိုဝင် လာပြီး အလုပ်မလုပ်ရကောင်းလားလို့ ဆူတော့ အလုပ်သမားတွေနဲ့ သူ အချင်းများ တာပေ့ါ။ အိမ်သာသုံးစက္ကူတွေနဲ့ သူတို့ ကို ပေါက်ဖို့ ကြံပေမယ့် စက္ကူလိပ်တွေ နှမြောလို့ မပေါက်ဖြစ်ဘူး။ ဒါနဲ့ ပဲ အ လုပ်သွားလုပ်ကြလို့ နှင်လွှတ်လိုက်တယ်။ ငါဒီမှာ ဘာလုပ်နေတာ ဘာလိမ့်ဆိုတဲ့ အတွေး သူ့ခေါင်းထဲဝင်လာတယ်။ မနက်ဖြန်ဆို သူ ဆယ့်ငါးနှစ်ပြည့်ပြီ။

* * *

ဆယ့်ငါးနှစ်ပြည့်မွေးနေ့မနက်မှာ နွမ်ဘီကိုဟာ လက်ထောက်မင်းကြီး ဒူတွန့် နဲ့ ဒူးတိုက်ဆွေးနွေးနေရတယ်။ ဒီတစ်ခါတော့ ဒူတွန့်က အသေအချာ ပြင်ဆင်လာသလေ။

'ဌာနခွဲ(ခ)ဟာ လျှာထား ဘတ်ဂျက်ထက် ၁၁ ရာခိုင်နှုန်း ပိုသုံးတာကို တွေ့ရှိရတယ်'

ဒူတွန့်က ခံ့ညားသထက် ခံ့ညားအောင် နွမ်ဘီကိုကို စာကြည့်မျက်မှန်ပေါ်က ကျော်ကြည့်ရင်း ပြောလိုက်တယ်။

'ဌာနခွဲ(ခ) မှာ အဲသလို ကိစ္စမျိုး မရှိပါဘူး'

လူပါးဝတဲ့ ဂျာဒူဝါလား ခေါင်းဆောင်မက ဒီလိုပြောတော့ လက်ထောက် မင်းကြီးက-

'ဟော့ ငါက ၁၁ ရာခိုင်နှုန်း ပိုသုံးတယ်ပြောရင် တကယ်ပိုသုံးလို့ ပေါ့ကွ' လို့ အာဏာပြတော့တယ်။

'ကျွန်မပြောနိုင်တာကတော့ မစ္စတာလက်ထောက်က သူတွက်ချင်သလို တွက်ထားတဲ့ ပုံပဲ။ ခဏလေး ကျွန်မ ပြန်ကြည့်ဦးမယ်'

နွမ်ဘီကိုဟာ ဒူတွန့်လက်ထဲက စာရွက်တွေ့ကို တစ်ချက်ကြည့်လိုက်တယ်။ ပြီးတော့ လိုင်း နှစ်ဆယ်မြောက်ကို လက်ထောက်ပြီး-

'ဒီမှာ ကြည့် ကျွန်မ ညှိနှိုင်းထားလို့ ဒီဈေးနှုန်းက လျှော့ဈေးရထားပြီးသားကို ရှင်ဘာဖြစ်လို့ မူလဈေးအတိုင်းရေးထား

တာလဲ-နောက်တစ်ခုက လက်ထောက် မင်းကြီးဟာ အပေါင်းနဲ့ အနှုတ်ကို ကွဲပြားပုံမရဘူး-တွက်နည်းအမှန်ဆိုရင် ဘတ်ဂျက် ၁၁ ရာခိုင်နှုန်းလျှော့သုံးတာ-ပိုသုံးတာ မဟုတ်ဘူး သိရဲ့ လား' လို့ ပြောချလိုက်တော့ ဒူတွန့် မျက်နှာရဲရဲ နီသွားတယ်။ သေချင်းဆိုးမလေး-ကိုယ့် အဆင့်ကိုယ်မသိဘူး။ မှန်တယ်မှားတယ် ဆုံးဖြတ်ရအောင် သူကများ ရာရာစစ။ ဒူတွန့်ဟာ မန်နေဂျာပေါက်စမကို သေလောက်အောင်မုန်းသွားတယ်။ ဒါပေမဲ့ သူ လောလောဆယ်ဘာပြောရမှန်း စဉ်းစားလို့ မရဘူး။ ဒါကြောင့် -

'ငါတို့ မင်းအကြောင်း ဆွေးနွေးကြပါတယ်' လို့ ပြောမိပြောရာ ပြောလိုက်တယ်။

'ဟုတ်လား ဘာတွေများ ဆွေးနွေးကြလဲ'

'မင်းရဲ့ ထင်ရာစိုင်းမှု-အမိန့်မနာခံမှုနဲ့ ပူးပေါင်းဆောင်ရွက်ချင်စိတ်ကင်းမဲ့မှုတွေအကြောင်းပေါ့'

အင်း ဒီလောက်ဆို သိပြီ။ သူ အလုပ်ဖြုတ်ခံရတော့မယ်။

'ဆိုတော့--------'

'ငါတို့ မင်းကို မိလ္လာအလုပ်သမား ပြန်လုပ်ခိုင်းရလိမ့်မယ်'

အလို အလုပ်သမားပြန်လုပ်ခိုင်းမယ် ဆိုပဲ့လား။ အရင်မန်နေဂျာတုန်းက တစ်ခါထဲပြုတ်တာ-ခု အလုပ်သမားကြီးများ တောင် ပြန်လုပ်ခိုင်းဦးမယ်ဆိုတော့ သဘောမနော ကောင်းလှပါကလား။

'ဆိုတော့------------'

'ဟေ့ နင် 'ဆိုတော့' တစ်လုံးပဲ ပြောတတ်တာလား'

'မဟုတ်ပါဘူး မစ္စတာဒူတွန့်ဟာ သုံးစားမရတဲ့ ချီးဘရိန်း ဖြစ်တယ်

ဆိုတာလည်း ပြောတတ်ပါသေးတယ်။ ကဲ နှုတ်ဆက်ပါတယ် ချီးဘရိန်း ရယ်-နောက်ဘယ်တော့မှ ပြန်မတွေ့ရဖို့ ဆုတောင်း---နော်'

ဒူတွန့်ဘာတခွန်းမှ မပြောနိုင်ခင် နွမ်ဘီကိုဟာ လေအလျှင်လို ပြေး ထွက်လာခဲ့တယ်။

အလကား ဟာမလေး-ပြေးလေ-ပြေးပေ့ါ-သူ ဘယ်များ ပြေးနိုင်မှာ မို့လဲ။ အလွန်ဆုံးပြေးနိုင် အိမ်သာနောက်က သူတို့ တဲပုတ်တွေထဲပေ့ါ။ အဲဒီမှာ ပုန်းရင်း တီဘီနဲ့ သေ-ဆေးလွန်ပြီးသေ-အချင်းချင်းသတ်လို့ သေပစေ။။

ဟင်း ဒူတွန့်က သက်မကြီးချရင်း သူ့သက်တော်စောင့်ကို ခေါင်းညိ တ်ပြ လိုက်တယ်။

ယဉ်ကျေးတဲ့ လူ့အသိုင်းအဝိုင်းကို ပြန်ဖို့ အချိန်ကျပြီလေ။

မစ္စတာလက်ထောက်မင်းကြီးနဲ့ စကားပြောပြီးသကာလမှာ မန်နေ ဂျာရာထူး ရော အလုပ်ရော နောက်ဆုံးလစာပါ အငွေ့ပျံ ပျောက်ကွယ် သွားခဲ့ပြီမှန်းသိတဲ့ နွမ်ဘီကိုဟာ အိမ်ပြန်ပြီး ရှိသမျှပစ္စည်းကျောပိုးအိတ် ထဲထည့်တော့တယ်။ ရှိသမျှ ပစ္စည်းဆိုတာ အဝတ်အစားနည်းနည်းရယ် ဦးလေးသာဘိုရဲ့ စာအုပ်သုံးအုပ်ရယ် ရှိသမျှ ငွေအကြွေတွေနဲ့ ဝယ်ထား လိုက်တဲ့ အသားခြောက် အမြှောင်းနှစ်ဆယ် ရယ်ပါ။

စာအုပ်တွေက သူအားလုံး ဖတ်ပြီးသားတွေပါ အလွတ်တောင်ရနေပြီ ဒါပေမဲ့ စာအုပ်တွေကို ကြည့်နေရတာကိုက စိတ် ချမ်းသာတယ်လေ။ သူ့အလုပ်သမားတွေနဲ့ ဆန့်ကျင်ဘက်ပေ့ါ။

ညနက်လာတော့ စိမ့်နေအောင်အေးလာတယ်။ နွမ်ဘီကိုဟာ သူ့ တ စ်ထည်ထဲသော ဂျာကင်ကိုဝတ်-တစ်ခုထဲသော စောင်ကိုခြုံ (အိပ်ရာခင်း

အဖြူကတော့ သာဘို့အလောင်းခြုံလွှာဖြစ်သွားပြီ) ပြီး အိပ်ယာဝင်တယ် နက်ဖြန်မနက် သူထွက်သွားရတော့မယ်။ ချက်ချင်းပဲ သူဘယ်သွားရမယ်ဆိုတာ သိသွားတယ်။ သူ အမှတ် (၇၅) အန်ဒရီးလမ်း ပရီတိုးရီးယားက အမျိုးသားစာကြည့်တိုက်ကို သွားမယ်လေ။ သူသိသလောက် အမျိုးသားစာကြည့်တိုက်ဟာ လူမည်းမဝင်ရလို့ ကန့်သတ်မထားဘူး။ ဒါကြောင့် ကံကောင်းရင် ဝင်လို့ ရမယ်။ အထဲရောက်တော့ ဘာလုပ်မတုန်း။ အဲ-မသိဘူး-တစ်ခုခုပေ့ါ- စာပေက သူ့ကို တစ်နေရာရာ ခေါ်သွားလိမ့်မပေ့ါ။

လွန်ခဲ့တဲ့ ငါးနှစ်က သူ့အမေဆီက အမွေဆက်ခံခဲ့တဲ့ တဲလေးထဲမှာ နွမ်ဘီကို နောက်ဆုံးညကို အိပ်ရင်းနှုတ်ဆက်လိုက်တယ်။ သူ့မျက်နှာက ပြုံးစစနဲ့ ပေ့ါ။

အရင်က ဒါမျိုး တစ်ခါမှ မဖြစ်ဖူးပါဘူး။

မနက်မိုးလင်းတော့ သူ ထထွက်လာခဲ့တယ်။ သွားရမည့် ခရီးကားဝေးသေး သည် ဆိုတာ သူ့အတွက်တော့တကယ်ပဲ။ ဆိုဝီတိုကနေ ငါးဆယ့်ငါးမိုင် လျှောက်ရမဲ့ ခရီးက မဝေးလို့ နီးရမလား။

ခြောက်နာရီကြာတော့ ငါးဆယ့်ငါးမိုင်ခရီးရဲ့ ပထမ ဆယ့်ခြောက်မိုင်ထိ ပေါက်လာခဲ့တယ်။ နွမ်ဘီကိုဟာ ဂျိုဟန်နက်စဘတ် မြို့လည်ခေါင် တည့်တည့် ရောက်နေမှန်း အဲဒီကျမှ သတိထားမိတယ်။ အမလေး တကယ့်ကို တခြားကမ္ဘာ တစ်ခုပါလား။ သူ့ဘေးပတ်ပတ်လည်မှာ ဒူတွန့်လို လူဖြူတွေချည်းပဲ။ နီယွန် ဆိုင်းဘုတ်တွေ-မီးပွိုင့်တွေ-ကားသစ်ကြီးတွေ-အ လိုလေ းလေ း-ဟေ ာဟိုမှ ာ ကား သစ်ကြီးတစီး-ဟင် ကားသစ်ကြီးက ပလက်ဖောင်းပေါ် တက်မောင်းနေပါလား-အို-ကားသစ်ကြီးက သူ့ဆီ တည့်တည့်လာနေပါလား-အလို ကားသစ်ကြီး အတိုက်မ

ခံရအောင် လွတ်အောင်ရှောင်ဖို့ အချိန်မရှိတော့ပါကလား။

* * *

အင်ဂျင်နီယာ အန်ဂယ်ဘရိုချ် ဗန်ဒါဝက်စ်သူရီဇင်ဟာ ကွက်ဇ်လမ်းပေါ်က ဟောလ်တန်ပလာဇာ ဟိုတယ်ဘားခန်းမှာ တစ်နေ့လည်လုံး သောက်စားပြီး သူ့ အိုပယ်အက်ဒ်မိုင်ရယ် ကားသစ်ကြီးပေါ်တက်-မြောက်စူးစူးကို မောင်းလာခဲ့တယ်။ ဘရန်ဒီတလီတာ ခန္ဓာကိုယ်ထဲဝင်နေတဲ့ ဘယ်သူမဆို ကားကို အေးအေးသက်သာ မောင်းလို့ ဘယ်ရလိမ့်မလဲ။ ဒါနဲ့ သူနဲ့ အိုပယ်ဟာ အတူတကွ ပလက်ဖောင်းပေါ်တက်ကြတယ်။ ဟာ-ဒုက္ခပါပဲ-ငမည်းတကောင်ကို တက်ကြိတ်မိပြီထင်တယ်။

ဟုတ်ပ-သူ့ကားအောက်ရောက်နေတဲ့ ငမည်းက အရင်မိလ္လာကြဲးအလုပ်သမ-နာမည်က နွမ်ဘီကိုတဲ့ ။ အသက်က ဆယ့်ငါးနှစ်နဲ့ တစ်ရက်၊ အရက်-ဆေးလုံးနဲ့ ဆေးရည်တွေ ပေါလှတဲ့ တောင်အာဖရိကရဲ့ မိလ္လာဒေသ ဆိုဝီတိုက လာတယ်။ အဲဒီမှာ နေပြီး အဲဒီမှာ သေဖို့ အကြောင်းဖန်ပါလျှက်ကယ်နဲ့ တဲတော်နန်းကို စွန့်ပြီး ပထမဆုံးအကြိမ် ခရီးထွက်လိုက်တာ ဂျိုဟန်နက်စဘတ် မြို့လယ်ခေါင်မှာ အိုပယ် ကြိတ်ခံရလို့ အကြောင်းဆိုးရတော့မတဲ့ လား။

ဒါ နွမ်ဘီကို သတိမမေ့ခင် ခေါင်းထဲရောက်လာတဲ့ အတွေးပေ့ါ။

တကယ်တော့လည်း အဲလို မဟုတ်ပါဘူး။

* * *

# အခန်း (၂)

ကမ္ဘာတစ်ဖက်ခြမ်းမှာ အရာအားလုံး ဗရုတ်ဗရက် ဦးစိုက်ကျွမ်းပြန် ဖြစ်နေတဲ့ အကြောင်း အသက်ဆယ့်ငါးနှစ်ပြည့်မွေးနေ့အပြီး ကားကြိတ် ခံရပေမဲ့ နွမ်ဘီကို မသေဘူး။ ကိစ္စတွေဟာ ကောင်းသလိုလို ဆိုးသလို လိုနဲ့ ထူးဆန်းတာတွေ ဖြစ်ကုန်တယ်။

ရှေ့လျှောက် သူ ကြုံရဆုံရမဲ့သူတွေထဲမှာ သူနဲ့ မိုင်ခြောက်ထောင် အကွာအဝေး ဆီဒ္ဒင်ဆို့ဒါတဲလ်လျှာက အစ်ဂ်မာဗစ်တော့ မပါ။ ဒါပေမဲ့ အစ်ဂ်မာ့ ကံကြမ္မာက နွမ်ဘီကို့ ဘဝကို အရှိန်နဲ့ ဝင်ဆောင့်ဖို့ အကြောင်းက ဖန်ထားသလေ။

အစ်ဂ်မာဆိုတဲ့ လူ ဘယ်အချိန်ထဲက စိတ်ဖောက်နေသလဲဆိုတာ အတိအကျပြောဖို့ ခက်သား။ ဒါပေမဲ့ ၁၉၄၇ နောက်ပိုင်းမှ ဆိုတာတော့ သေချာတယ်။ သေချာ လွန်းလို့ သူရော သူ့မိန်းမရော ရှေ့ဘာဆက်ဖြစ်မယ်ဆိုတာ ဘယ်သူမှ မသိခဲ့ကြ။ အစ်ဂ်မာနဲ့ ဟန်ရီယက်တာတို့ နှစ်ယောက်ဟာ တစ်ကမ္ဘာလုံးစစ်ဖြစ်နေတဲ့ အချိန်မှာ တူနှစ်ကိုယ်အချစ်ပွားလို့ လက်ထပ်ခဲ့ကြတယ်။ စတော့ဟု မ်း အနောက်တောင်ဘက် မိုင်နှစ်ဆယ် လောက်အကွာက ဆို့ဒါတယ်လ်လျှာ ဇနပုဒ်မှာ ပေါ့။ အစ်ဂ်မာက အောက်တန်းစာတိုက်စာရေး ဟန်ရီယက်တာက အထည်ချုပ်သမ။ ဆို့ဒါတဲလ်လျှာ ခရိုင်တရားရုံး အခန်း(၂)မှာ သူတို့ နှစ်ယောက် စတွေ့ကြ။ သူရို့ အဖေများ ရဲ့ တရားတစ်ဘောင်ပွဲမှာ ပေါ့။ အစ်ဂ်မာ့အဖေက

ဆွီဒင်ကွန်မြူနစ်ပါတီ အစည်းဝေး ခန်းနံရံမှာ ဘုရင်မင်းမြတ်သက်တော်ရာကျော်ရှည်ပါစေဆိုတဲ့ စာတန်းကို သုံးပေ လောက်ရှိတဲ့ စာလုံးကြီးတွေနဲ့ ရေးဆွဲချယ်သခဲ့သတဲ့ ။ တော်ဝင်မိသားစုနဲ့ ကွန်မြူနစ်ဝါဒဆိုတာက ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ခွင့်မရှိလေတဲ့ အတွက် နောက်တစ်နေ့မှာ တော့ ဆို့ဒါတဲလ်လျှာက ဆွီဒင် ကွန်မြူနစ် အမာခံကြီးဖြစ်တဲ့ ဟန်ရီယက်တာရဲ့ အဖေဟာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာကို တွေ့သွားတော့တယ်။

အစ်ဂ်မာ့အဖေကို ဖမ်းမိတာကလည်း မြန်မှ မြန်။ မြန်မှာ ပေ့ါ။ သူက ရဲစခန်းနဲ့ မနီးမဝေး ပန်းခြံခုံတန်းလေးတစ်ခုပေါ်မှာ စုတ်တံကြီး ကိုင်ရက်တန်းလန်း အိပ်ပျော်နေတာကိုး။ ဘေးမှာ လည်း ဆေးပုံးနဲ့ ။

တရားရုံး-အခန်းထဲမှာ တရားခံသား အစ်ဂ်မာနဲ့ တရားလိုသမီး ဟန်ရီယက်တာတို့ နှစ်ယောက်အကြည့်တွေ မီးပွင့်နေကြတယ်။ အို အစ်ဂ်မာ-ဆိုပဲ-ကြည့်စမ်း-အဖေနဲ့ များကွာပ-အားရင် တစ်လောကလုံး သူနဲ့ကွန်မြူနစ်ဝါဒကလွဲလို့ ကျန်တာ အကုန်ငရဲကျဖို့ စောင့်နေတဲ့ လူ-အနည်းဆုံး ဆို့ဒါတဲလ်လျှာမှာ အဲလိုဖြစ်ဖို့ မျှော်လင့် နေတဲ့ လူ။ သူ့အဖေဟာ အမြဲတမ်း တော်လှန်ရေးသမားတစ်ယောက်။ ၁၉၃၇ ခုနှစ် ဧပြီလ(၇) ရက်နောက်ပိုင်းမှာ တော့ ဆွီဒင်ရဲ့ ကိုးသိန်း ကိုးသောင်း ကိုးထောင့် ကိုးရာ ကိုးဆယ့် ကိုးလုံးမြောက် ရေဒီယိုပိုင်ရှင်ဖြစ် လာပြီး နောက်ပိုင်းပိုပြီး ခါးခါးသီးသီး မုန်းမုန်းတီးတီးကို တော်လှန်ချင်စိတ် အမှောင်တိုက်တွေ ထွန်းလာခဲ့တယ်။ သူနဲ့ မိုင်နှစ်ရာလောက်ဝေးတဲ့ ဟူဒစ်ခ်ဗာက အင်္ဂျီချုပ်သမားဟာ နောက်တစ်နေ့မှာ ရေဒီယိုအလုံးတစ်သန်းမြောက်ပိုင်ရှင်ဖြစ် လာပြီး ထင်ရှား ကျော်ဇော (ရေဒီယိုထဲလည်း ပါ) ငွေဖလားလည်း ရ ပိုက်ဆံလည်း ကရိုနာ ခြောက်ရာကြီးများ တောင်ရ- ဟန်ရီယက်တာ့ အဖေကတော့ နဂိုရ်ရှိရင်းစွဲ မျက်နှာ ရှည်ကြီးကလွဲလို့ ဘာမှ မရ

။ ဒါကြောင့် မို့ သူ့ခမျာ ပိုပိုပြီး ခါးသီးရရှာ။

ခါးသီးမှုက များ လွန်းလာတဲ့ အခါ အရာရာကို မျက်လုံးခါးကြီးနဲ့ ကြည့်ပြီး ရယ်စရာ ဆိတ်သုဥ်း-ပျော်စရာ နတ္ထိ-ကွန်မြူနစ် သရဏံ ဂစ္ဆာမိရင်း တစ်သက် လုံး နေလာလိုက်တာ ဟော ခု ကြီးမြတ်တော်မူလှသော ပါတီ့ နံရံမှာ ဟို စောက်ဘုရင် ဂူစတေ့ ငါးအသက်ရှည်ပါစေလို့ စော်ကားမော်ကား လာအရေးခံရသလေ။ တရားခံကို ထောင်ဒဏ် ဆယ့်ရှစ်နှစ်အပြစ်ပေးဖို့ သူ ဒရမန်းကြမ်း တောင်းဆိုတာကို လျှစ်လျူရှုပြီး တရားသူကြီးဆိုတဲ့ အကောင်က ဒဏ်ကြေး ဆယ့်ငါး ကရိုနာ ပေးစေတဲ့လေ။

ဟန်ရီယက်တာ့ ချစ်ဖေဖေကြီး ကံဆိုးလိုက်ပုံများ တော့ ပြောမပြောချင်ဘူး။ ပထမရေဒီယိုလိုင်စင်မှာ ကံဆိုးတယ်။ နောက်တရားရုံးမှာ ဒေါသူပုန်ထရတယ်။ ဟော-ခု ချစ်သမီးလေးက ဟိုတော်ကြီးဘုရားဝါဒီရဲ့ သားရင်ခွင်ထဲ သက်ဆင်းဝင် ရောက်သွားပြန်ပြီ။ စောက်ပဒေသရာဇ်စနစ်-စောက်အရင်းရှင်စနစ်ဟာ တို့ ပြည် တို့ မြေကို အမြဲတမ်း ခြေတလှမ်းဦးအောင် ချနိုင်နေပါလားကွာ။

ဟန်ရီယက်တာဟာ အစ်ဂ်မာနဲ့ ဘုရားကျောင်းမှာ မင်္ဂလာဆောင်ဖို့ ဆုံးဖြတ်လိုက်တဲ့ အခါ သူ့အဖေဟာ သမီးနဲ့ အဆက်အသွယ်ဖြတ်-ရာသက်ပန် စွန့်လွှတ်လိုက်တယ်။ သူ့အမေကလည်း သူ့အဖေနဲ့ အဆက်အသွယ်ဖြတ် ရာသက်ပန်စွန့်လွှတ်ပြီး ဂျာမန် ကောင်စစ်ဝန်တစ်ယောက်နဲ့ စစ်ကြီးပြီးစမှာ ဘာလင်ကို လိုက်သွားလိုက်တာ ဘယ်တော့မှ ပြန်မတွေ့ရတော့ဘူး။

ဟန်ရီယက်တာက ကလေးတွေ အများကြီး မွေးချင်တယ်။ အစ်ဂ်မာကလည်း ကလေးထုတ်လုပ်တဲ့ နည်းစနစ်ကို နှစ်သက်တဲ့ အတွက်

ဒီအကြံကို သဘောကျပါတယ်။ အဲဒီနည်းစနစ်ကို တရားတစ်ဘောင်ဖြစ်ပြီး နှစ်ရက်အကြာ သူ့အဖေကြီး ကားနောက်ခန်းထဲမှာ ကျင့်သုံးခဲ့ပြီးသားကိုး။ အဲလို ကျင့်သုံးကောင်းလို့ သူ့ လာလတ္တံ့သော ယောက္ခထီးလောင်းကြီးဟာ သူ့ကို ဆို့ဒါတဲလ်လျှာတခွင် ပြပြစင်အောင် လိုက်ရှာနေတုန်း သူအဒေါ်ရဲ့ မြေအောက်ခန်းထဲ ပုန်းနေတာပေါ့-အင်းလေ သူကလည်း သူပဲ-သုံးပြီးသား ကွန်ဒွန်ကို ကားထဲ ပစ်မထားခဲ့သင့်ဘူး။

အို-ပြီးခဲ့တာပြီးပါစေတော့-ဘာပဲပြောပြော ကွန်ဒွန်လေးနဲ့ ဆိုတော့ထင် သလောက်အကြောင်းမဆိုးဘူးပေါ့။ ကိစ္စအားလုံး စနစ်တကျဖြစ်တာပေါ့။ ဒါပေမဲ့ အစ်ဂ်မာက မိသားစုကို ပေယျာလကန်မထားတတ်ပါဘူး။ အိမ်ထောင်ဦးစီးအနေနဲ့ လုပ်ကိုင်ကျွေးမွေးမှာ ပေါ့။ ဆို့ဒါတဲလ်လျှာ စာတိုက်မှာ သူဝင်လုပ်တယ်။ သူ့ အခေါ်တော့ တော်ဝင်စာပို့ဆောင်ရေးလုပ်ငန်းပေါ့။ လစာက အတန်အသင့်ပါပဲ။ အဲဒီအတန်အသင့်နဲ့ ပဲ တသက်လုံးနေသွားရမဲ့ အခွင့်အရေးတွေတစ်ပုံကြီးပေါ့။

ဒါပေမဲ့ ဟန်ရီယက်တာရဲ့ အထည်ချုပ်လုပ်ငန်းက သူ့ယောကျ်ားဝင်ငွေထက် နှစ်ဆနီးပါးများ တယ်။ အလုပ်ကလည်း ကြိုးစားတဲ့ အတွက် သူတို့ မိသားစုဟာ အစ်ဂ်မာရဲ့ ဟန်ရီယက်တာရှာသမျှ ဖြုန်းမဲ့ပါရမီပေါ်မလာခင်အထိ အေးအေး လူလူ နေနိုင်ခဲ့ကြတယ်။

ကလေးယူမဲ့အကြံဟာကောင်းပေမဲ့ အစ်ဂ်မာ့အနေနဲ့ သူ့ဘဝပေးတာဝန်ကြီးကို အရင်ထမ်းဆောင်ရဦးမလေ။ အဲဒါကြီး အောင်အောင်မြင်မြင်ပြီးမှ ကလေး ဘက် အာရုံစိုက်တာပေါ့။ မပြီးမချင်းတော့ အရန် ပရောဂျက်လေးတွေ စလို့ မဖြစ် သေးဘူးလေ။

ဟန်ရီယက်တာဟာ သူ့ယောကျ်ားရဲ့ စကားလုံးတွေကို နားထောင်ပြီး ကန့် ကွက်တာပေါ့။ ဘယ်နှယ့်ကလေးဆိုတာ ဘဝ အနှာ

ဂတ်မျက်ရှုဥစ္စာကို-ဘာ အရန် ပရောဂျက်တုန်း။

'ရှင်အဲလိုထင်နေရင်တော့ ရှင့်ရဲ့ အမေရိကန်စစ်သား ကွန်ဒွန်ပုံးကို ယူပြီး မီးဖိုချောင်ထဲက ဆိုဖာမှာ သွားအိပ်ပေတော့'

ဟင်-အဲလိုမလုပ်နဲ့ လေ-အချစ်သိရဲ့ သားနဲ့ -ကိုယ်က တော်ကြီးဘု ရား အရေးမို့ ပါ-လုပ်ပါနဲ့ အချစ်ရယ်-ဒီည တူတူမအိပ်ရတော့ဘူးလား ကွယ်-အနာဂတ်အတွက် လေ့ကျင့်ကြမယ်လေ။

ဟန်ရီယက်တာ နှလုံးသားက အဲဒီအပြောတွေနဲ့ အရည်ပျော်။ ဒါမျိုး က အရင်လည်း ခဏခဏဖြစ်-နောင်လည်း အများကြီးဖြစ်ဦးမှာ ။

အစ်မာရဲ့ ဘဝပေးတာဝန်က ဘာတုန်းဆိုတော့ ဆွီဒင်ဘုရင်ကို လ က်ဆွဲနှုတ်ဆက်ဖို့ တဲ့ ။ ပထမတော့ ဆန္ဒအနေနဲ့ စခဲ့တာပဲ-ဆန္ဒက သိပ်ပြင်းပြလာတော့ ပန်းတိုင်ဖြစ်-ပန်းတိုင်က သိပ်ပီသကြည်မြလာ တော့ တာဝန်ဖြစ်လာခဲ့တယ်။ ဘယ်ကဘယ်လို ဒီကိစ္စစခဲ့တယ်ဆိုတာ ပြောရမယ်ဆို အစက စပြောမှ အဆင်ပြေလိမ့်မယ်။

၁၉၂၈ ခုနှစ် ဇွန် (၁၆) စနေနေ့မှာ တော်ကြီးဘုရား ဂူစတေ့ငါးဟာ သက်တော် (၇၀) ပြည့် မွေးနေ့မင်္ဂလာကို ကျင်းပခဲ့တယ်။ အဲဒီတုန်းက ဆယ့်လေးနှစ်သား အစ်ဂ်မာဟာ အမေ အဖေနဲ့ အတူ စတော့ဟု မ်းကို ရောက်လို့ လာ။ ဘဝရှင်မင်းတြားကြီးကို နန်းတော်မှာ လက်ပြနှုတ်ဆ က်ပြီးရင် ပြတိုက်နဲ့ တိရိစ္ဆာန်ရုံ သွားရချေသေးလို့ သူ ပျော်နေရှာ။ ပျော် ပင်ပျော်ငြား မဟုတ်ဖူးတဲ့ ဗျား-နန်းရှေ့ ရင်ပြင်က လူတွေကြပ်လွန်းလို့ ထွက်မရ-ဒီလိုနဲ့ ဘုရင်မင်းမြတ် ကြွချီလာချိန် သူတို့ ခမျာ ပိတ်မိရှာ-သူ တို့ ဘေးမှာ တော့ ဘုရင်ကို ပန်းစည်းဆက်ဖို့ တာဝန်ကျတဲ့ ယွန်းဘတ် ဘော်ဒါဆောင်က ကျောင်းသူနှစ်ဆယ်ရှိနေခဲ့တယ်-အိမ်ရှေ့စံ ဂူစတေ့ အဒေါ့ဖ်လည်း ပါလေတော့ ဘုရင်ကြီးဟာ အမိုးဖွင့် ဗစ်တိုးရီးယား မြင်း

ရထားကို ခဏရပ်ခိုင်းပြီး ပန်းစည်းဆက်မဲ့ ကျောင်းသူတွေဆီ ကိုယ်တော်တိုင်ကြွ-ကျေးဇူး တင်စကားဆို။ မြင်းရထားဆီ ပြန်အကြွ-မတ်တပ်ကလေးငေးနေတဲ့ ကောင်လေး အစ်ဂ်မာကို မြင်-ခြေလှမ်းတော် တုံ့ခနဲရပ်။

'အို-အင်မတန် ချောမောလှပ ကြက်သရေရှိတဲ့ ကလေးပါလား'

ဘုရင်မင်းမြတ်ဟာ ခြေနှစ်လမ်းရှေ့တိုး-အစ်ဂ်မာ့ ဆံပင်ကို ချစ်စနိုးဖွလို့ အတွင်းအိတ်ထဲက ဒီနေ့အတွက်ရည်ရွယ်ထုတ်ဝေထားတဲ့ သူ့ပုံပါ တံဆိပ်ခေါင်းတွေကိုထုတ်ပြီး အစ်ဂ်မာ့ကို ပေးတော်မူတယ်။

နောက်တစ်ခါ ဆံပင်ဖွပြီး ဒေါမာန်အပြည့်နဲ့ နဂါးမျက်စောင်းဝင်းဝင်း တောက်ထိုးနေတဲ့ မိဖုရားရှိရာ မြင်းရထားပေါ် ပြန်ကြွသွားတော့ ငူငူကြီးရပ်နေတဲ့ အစ်ဂ်မာ့ကို သူ့အမေက ကြည့်ရင်း-

'ကျေးဇူးတင်ပါတယ်လို့ သားက ဘာလို့ မပြောလိုက်တာလဲ' လို့ မေးတယ်။

တံဆိပ်ခေါင်းလေးတွေကို တဆတ်ဆတ်တုန်နေတဲ့ လက်တွေထဲ ကိုင်ထားပြီး တုန်တုန်ရီရီ ရပ်နေရှာတဲ့ အစ်ဂ်မာကတော့

'ဟ-ဟင့်အင်း-တော်ကြီးဘုရားကို စကားမပြောရဲပါဘူး-သူက သိပ်ကို မြင့်မြတ်လွန်းတာကိုး'လို့ ပြန်ပြောရှာတယ်။

တော်ကြီးဘုရားကျေးဇူးတော်နဲ့ တံဆိပ်ခေါင်းတွေကို ရူးသွပ်ခုံမင်လာခဲ့တဲ့ အစ်ဂ်မာ့အဖို့ နောင်နှစ်နှစ်အကြာမှာ ရတဲ့ အလုပ်က ဆို့ဒါတဲလ်လျှာ စာတိုက်ရုံး ဖြစ်နေတာဟာ ဘယ်ဆန်းလိမ့်မလဲ။ ငွေစာရင်းစစ်ဌာနရဲ့ အနိမ့်ဆုံး စာရေးလေး ဘဝကနေ ဘဝစာမျက်နှာစခဲ့ရတဲ့ အစ်ဂ်မာဟာ နောင် ၁၆ နှစ်အကြာမှာ လည်း ဘဝတက်လမ်းလှေကားကိုရှာမ

တွေ့သေးလို့ ဒုံရင်းဟာ ဒုံရင်းပဲ။

ဘာပဲပြောပြော အစ်ဂ်မာကတော့ ရှည်ရှည်လျှားလျှား မြင့်မြင့်မားမား တက် သရေသတင်း တက်နေလင်းတဲ့ မင်းမြတ်ဘုရင်ရဲ့ မျက်နှာတော် တံဆိပ်ခေါင်းတွေကို တစိမ့်စိမ့်ကြည့်ရင်း နိစ္စဓူဝ ဖရဏာပီတိ ဝွမ်းဆီထိရင်းနေလာခဲ့တယ်။ မင်းမြတ်ကလည်း တံဆိပ်ခေါင်းထဲကနေ သူ့ကို ငေးငေးရီရီ ကြည့်တော်မူရှာတယ်လေ။ တော်ဝင်စာတိုက်လုပ်ငန်းက တော်ဝင်ယူနီဖောင်းကိုဝတ်ရင်း တော်ဝင်ခုံမှာ ထိုင်ပြီး တော်ဝင်အလုပ်ကိုလုပ်ရတဲ့ တော်ဝင်အောက်တန်းစာရေးကြီးအစ်ဂ်မာ။ တကယ်က ငွေစာရင်းဌာနမှာ သူ့အဆင့်နဲ့ ဘာယူနီဖောင်းမှ ဝတ်စရာမလို။

ဒါပေမဲ့ တော်ကြီးဘုရားဟာ သူ့ကိုငေးငေးရီရီသာ ကြည့်တော်မူရှာတာ။ မြင်တော်မူပုံမရဘူး။ သူ့ရဲ့ ချစ်မြတ်နိုးစိတ်တွေကိုလည်း ခံစားမိပုံမပေါ်ဘူး။ သဟာ ကြောင့် အစ်ဂ်မာဟာ ဘုရင်မင်းမြတ်ကို အရှင်လတ်လတ် မျက်စိနဲ့ တပ်အပ်မြင်ချင်စိတ် ဆန္ဒလောင်မီး မိုးထက်ငြီးလာတယ်။ ၁၄ နှစ်သားတုန်းက ကျေးဇူးတော်ကြီးလှပါသဖျာ့ ဆိုတဲ့ စကားကို မဆိုခဲ့ရလို့ တောင်းပန်ညွတ်တွားချင်စိတ်တွေ ဘဝင်တိုင်လာတယ်။ ဘုရင်မင်းမြတ်ရဲ့ ထာဝရသစ္စာခံ ကျေးတော်မျိုး ကျွန်တော်မျိုးပါဖျာ့။ ယုံတော်မူပါဖျာ့။

ဆန္ဒလောင်မီး မိုးထက်ငြီးဆိုတာ တကယ်ပဲ။ ခုဆို အစ်ဂ်မာ့အဖို့ အဲဒီ ဆန္ဒသည် သာ အဓိကကျန်တာတွေဟာ သာမည။ တော်ကြီးဘုရားကို စကားပြောခွင့်ရဖို့ လက်ဆွဲနှုတ်ဆက်ခွင့်ရဖို့ ဒါပဲ ဒါပဲ ဒါပဲ ဒါပဲ။

ရင်ထဲက ဘုရင်မင်းမြတ်ဟာ သက်တော်ကြီးရင့်လာခဲ့ပြီ။ ဒီလိုနဲ့ နောက်ကျသွားခဲ့ရင် ဒုက္ခ။ ဘုရင်ကြီး စာတိုက်ရုံးရှေ့ တစ်နေ့နေ့ ပေါ်လာနိုးနဲ့ အစ်ဂ်မာ မစောင့်နိုင်တော့ဘူး။ အိပ်မက်ချည်းမက်မနေနဲ့ -ခု

ထတော့-နိုးထတော့။ ဘုရင်မင်းမြတ်ဟာ မင့်ကို လာရှာမှာ မဟုတ်ဖူး။ ဒါကြောင့် မင်းကသာ ဘုရင်မင်းမြတ်ကို ရှာပုံတော်ဖွင့်ရလိမ့်မယ်။ အဲဒီ တော်ဝင် တာဝန်ကြီးပြီးရင်တော့ တို့ မိသားစုမှာ အိမ့်ဆည်းလည်း က လေး ထွန်းကားစေရမယ် အချစ်ရယ်-ကိုယ်ကတိပေးတယ်။

* * *

အစ်ဂ်မာ ဗစ်နဲ့ ဟန်ရီယက်တာ ဗစ်တို့ ရဲ့ ဗစ်မိသားစုဟာ နဂိုထဲက ဆင်းရဲရတဲ့ ကြားထဲ အစ်ဂ်မာ့ ရည်မှန်းချက်ကြီးကြောင့် မွဲသထက်မွဲ လာခဲ့တယ်။ ဘုရင်နဲ့ တွေ့ဖို့ ကြိုးစားတဲ့ အစ်ဂ်မာရဲ့ ကြိုးပမ်းမှုတွေကြောင့် ဇိတ္တာမေ အောင်ပြီရှိတာတွေ ပြောင်ပြီ ဖြစ်လာခဲ့ တယ်။ သူဟာ စာအိတ်မှာ တံဆိပ်ခေါင်းတွေ တနင့်တပိုးကပ်ပြီး (ချစ် လှစွာသော ဘုရင်ကြီးဆီ) စာရေးလိုရေး-(သနားစရာကောင်းတဲ့ နန်း စောင့်အရာရှိဆီပဲ အမြဲတမ်းရောက်မဲ့) ဖုန်းတွေ ခေါ်လိုခေါ်-ဘုရင်ကြီး နှစ်သက်လှတယ်ဆိုတဲ့ ဆွီဒင်ဖြစ်ငွေထည်တွေ ပို့လိုပို့ (ဒီလိုနဲ့ တော်ဝင် လက်ဆောင် မှတ်ပုံတင်ဌာနက ကလေးငါးယောက်အဖေ မှတ်ပုံတင်အ ရာရှိကို သူ ထောက်ပံ့နေတယ်လေ)။ ဘုရင်ကြီး လာကြည့်လိမ့်နိုးနဲ့ ရှိသ မျှ တင်းနစ်ပွဲတိုင်း သူ မပျက်မကွက်ရောက်တယ်။ အဲသလိုနဲ့ လက်မှတ် ဖိုးတွေ ထောင်းပြီး သူ မွဲသထက် မွဲလာပေမဲ့ ခုထိ ဘုရင်နဲ့ တွေ့ဖို့ လမ်း က မမြင်သေး။

မိသားစုရေးစိတ်မရေးဘဲ သောကရတက်ပွေရှာတဲ့ ဟန်ရီယက်တာ ခမျာလည်း စိတ်ပြေလက်ပျောက် ဂျွန်ဆေးလ်ဗား စီးကရက်တွေ သော က်မိရာက ခုဆို တစ်ရက် တစ်ဗူးလောက် ကုန်သမို့ ဗူးလေးရာ ဖရုံဆင့်

တော့တာပေ့ါ။

အစ်ဂ်မာရဲ့ ဘောစိ-စာရင်းစစ်ကြီးခမျာတော့ တော်ဝင်အရှင် ဘုရင်မင်းတြားကြီးအကြောင်း နားထောင်ရလွန်းလို့ အစ်ဂ်မာအနားမှာ ရှိနေမှာ တောင် ကြောက်လာတယ်။ ဒါကြောင့် အစ်ဂ်မာတစ်ယောက်ခွင့်ယူမယ်ကြံတိုင်း သူက ဖောဖောသီသီ ရက်ရက်ရောရော ပေးသလေ။

'ဟိုလေ ဆရာ ကျွန်တော် ခွင့်လေး နှစ်ပတ်လောက်----------------'

'ပေးတယ်-ယူ-သွား'

အဲဒီအချိန်မှာ စာတိုက်ရုံးက လူတွေဟာ အစ်ဂ်မာဇစ်ကို နာမည် အတို ကောက် အ-ဇ လို့ ခေါ်ကြတဲ့ အတွက် သူ့ ဘောစိက ဒီလိုပြောတယ်။

'ကဲ-သွားသာသွား အ-ဇ ရေ- မင်း စောက်ရူးထဖို့ ကြံနေတဲ့ အကြံ အစည်ကြီး အောင်ပါစေကွာ-ကံကောင်းပါစေ'

သူတို့ ဘယ်လိုပြောပြော အစ်ဂ်မာကတော့ ဂရုမစိုက်ပါဘူး။ သူက ဆို့ဒါတဲလ်လျှာ ဇနပုဒ်က သာမန် စာတိုက်ရုံးဝန်ထမ်းတွေလိုမှ မဟုတ်တာ။ သူ့ဘဝ ရည်မှန်းချက်နဲ့ အဓိပ္ပါယ်ကိုအသေအချာ ပြင်ဆင်ပြီးသားပဲကို။ ခရုမှာ လဲအဆံနဲ့ အစ်ဂ်မာ့မှာ လည်း ပလန်နဲ့ ။

အစ်ဂ်မာ့ ခံယူချက် ရည်မှန်းချက် အားလုံးဦးစိုက်ကျွမ်းပြန် မဖြစ်ခင် သူ သုံးကြိမ်သုံးခါ ကြိုးစားခဲ့ပါတယ်။

ပထမဆုံးအနေနဲ့ သူ ဒရော့ထ်နင်းဟု မ်းနန်းတော်ကိုသွားတယ်။ စာတိုက်ယူနီ ဖောင်းဝတ်စုံပြည့်နဲ့ မတ်မတ်ရပ်ပြီး ခေါင်းလောင်းကို ဆွဲတယ်။

'ကောင်းသောနေ့ပါခင်ဗျ-ကျွန်တော်က အစ်ဂ်မာဇစ်ပါ-တော်ဝင်စာပို့ လုပ်ငန်းကပါ-ဘုရင်မင်းမြတ်နဲ့ တွေ့စရာကိစ္စလေးရှိလို့

အကြောင်းများ ကြားပေး နိုင်မလားမသိ-ကျွန်တော်ဒီမှာ ပဲ ရပ်စောင့်နေပါ့မယ်'

နန်းတော်ဂိတ်တံခါးက အစောင့်ကို သူ အဲသလိုပြောတော့-

'မင်းက ရူးနေတာလား ကြောင်နေတာလား ဘာတုန်း' လို့ ပြန်ပြောခံရ တယ်။

ဒီလိုနဲ့ သူတို့ ရဲ့ အသီးအပွင့်မဲ့ ဆွေးနွေးပွဲလည်း ပြီးရော-နန်းစောင့်တပ်သားကတော့ တော်ဝင်စာပို့လုလင်ကြီးကို အထုပ်ထုပ်ပြီး သူလာရာစာတိုက်ကို မဆိုင်းမတွ ပြန်ပို့ဖို့ အားသန်နေသလေ။

အစော်ကားခံရတဲ့ အစ်ဂ်မာဟာ နန်းစောင့်တပ်သားကို နင်ပဲ ဆဲရေးတိုင်းထွာပြီး ရှေ့ကပြေး အစောင့်က နောက်က ထပ်ချပ်မကွာလိုက်-သို့ပင်သို့ငြား သူလွတ်သဗျား-သူပြေးတာ အစောင့်ထက်မြန်သလို အစောင့်အနေနဲ့ ဂိတ်တံခါးက တဖဝါးမခွာရတာမို့ ပြန်လှည့်သွားရသလေ။

အစ်ဂ်မာဟာ နှစ်ရက်လုံးလုံး ဆယ်ပေမြင့်တဲ့ သံတံတိုင်းနားမှာ ရစ်သီရစ်သီ လုပ်နေတယ်။ နောက်ဆုံး မျှော်လင့်ချက်မရှိတဲ့ အခါမတော့ သူ လက်မြှောက် အရှုံးပေးရင်း ဒီ စစ်ဆင်ရေးကြီးအတွက် အခြေစိုက်စခန်းလုပ်ထားတဲ့ ဟိုတယ်ကို ပြန်လာခဲ့တယ်။

သူ့ကိုမသကာ်ဖြစ်နေတဲ့ ဟိုတယ် ဧည့်ကြိုဝန်ထမ်းဟာ သူပြန်လာတာ မြင်မြင်ချင်း-

'ငွေရှင်းတော့မယ်လား' လို့ ဆီးမေးတယ်။

'အင်း ငွေရှင်းပြေစာ ပြင်ထားလိုက်' လို့ ခပ်တင်းတင်း ပြော-အခန်းထဲဝင်-ပစ္စည်းတွေ သိမ်းပြီး ပြူတင်းပေါက်ကတဆင့် သူ ချက်ခ်အောက်လုပ်လိုက်သလေ။

ဒုတိယံပွဲအကြိမ် ကြိုးပမ်းခြင်း ဇာတ်လမ်းအစကတော့ ရုံးအိမ်သာထဲဝင် ဖိမ်ဆွဲ သတင်းစာဖတ်ရင်း တွေ့လိုက်ရတဲ့ သတင်းက အစပြုတယ်။ ကိုယ်တော်မြတ်ကြီးဟာ တူလ်ဂန်းမှာ ပျော်ပွဲစားထွက် အမဲလိုက်တော်မူမတဲ့ ။ ဟုတ်ပြီ-ဘုရင်ပဲဖြစ်ဖြစ် စာရေးပဲဖြစ်ဖြစ်သာတူညီမျှ အမဲလိုက်ပိုင်ခွင့်ရှိတဲ့ ခေတ်ကြီး စနစ်ကြီးကိုးကွယ်-ဟုတ်ပြီ-ဟုတ်ပြီ-တွေ့ရချေသေး-ဟေး ဟေး ဟေး။

အစ်ဂ်မာဟာ အိမ်သာကိုရေဆွဲချရင်း နောက်ထပ်ခွင့်စာတင်တယ်။ သူ့ဘောစိ စာရေးချုပ်ကြီးက သူ ပြန်ရောက်နေတာ တောင်မသိရှာဘူး-အိုကေ-ယူစေတဲ့ ။

ဆ ို့ဒ ါတ ်လ ်လ ျာမ ျာ သူ့အနေနဲ့ ကားတစ်စီးကို ဖြောင့်ဖြောင့်တန်းတန်း ဌားရမ်းလို့ ရနိုင်တဲ့ အခွင့်အရေး အင်မတန်နည်းမှန်း သူ့ကိုယ်သူသိတဲ့ အတွက် သူဟာ ဘတ်စ်ကားစီးပြီး နိုင်ကိုပင်းကို သွားတယ်။ နိုင်ကိုပင်းမှာ သူ့အသွင်အပြင် ရိုးသားမှုကြောင့် တပတ်ရစ် ဖီးယက် ၅၁၈ ကားလေးတစီး ဌားရမ်းလို့ ရလာတယ်။ မြင်းကောင်ရေ ၄၈ ကောင်အား ကားလေးကို အသကုန်မောင်းရင်း သူ တူလ်ဂန်းကို ခရီးနှင်တယ်။

လမ်းတဝက်မှာ တင် တူလ်ဂန်းက ပြန်လာတဲ့ ၁၉၃၉ ခုနှစ်ထုတ် တော်ဝင် အမည်းရောင် ကားဒီးလက် ဗွီအိတ်ကားနဲ့ မျက်နှာခြင်းဆိုင်ဆုံတယ်။ ဟာ-အဲဒါ ချစ်လှစွာသော ဘုရင်ကြီးပဲ-အမဲလိုက်ခရီးက ပြန်လာတာပဲ-လွတ်ပြန်ဦးတော့မယ် တစ်ကြိမ်။

ဟင့်အင်း-အဲသလို အဖြစ်မခံနိုင်ဘူး။ ဖီးယက်ကို သူ ချက်ခြင်းပြန်လှည့်တယ်။ သူ့ထက် မြင်းကောင်ရေ တရာအားလောက် အင်ဂျင်ရှန်းအားသာတဲ့ တော်ဝင်ကားဒီးလက်နောက်ကို ဒရမန်းကြမ်းလိုက်တယ်။

ကားဒီးလက်ကို ကျော် မယ်-ပြီးရင် စက်ပျက်သွားချင်ယောင်ဆောင်ပြီး ရှေ့က ပိတ်ရပ်မယ်-လိုက်ဟ-မောင်းထား-ဟား-ယား။

နောက်က လိုက်လာတဲ့ ဖီးယက်ကို မြင်တော့ တော်ဝင်ယာဥ်မောင်း ဟာ ကြောက်လာတယ်။ ဒါကြောင့် သူ နောက်ကြည့်မှန် တကြည့်ကြည့် နဲ့ လီဗာကို ဖိနင်းတယ်။ နောက်ကိုကြည့်ပြီး လီဗာနင်းတဲ့ အကျိုးဆက် ကတော့ လမ်းကွေ့က မြောင်းထဲ သူရော ဘုရင်ကြီးရော သက်တော် စောင့်တွေရော ကားဒီးလက်ရော ခိုအောင်းရောက်ရှိခြင်းပေ့ါ။

ဘုရင်ကြီးအပါအဝင် ကားထဲကလူတွေ ဘယ်သူမှ အထိအခိုက်မရှိ ပေမဲ့ နောက်ကလိုက်နေတဲ့ အစ်ဂ်မာကတော့ ဘယ်သိမတုန်း။ တော်ဝင် ကားကြီး ဝုန်းခနဲ မြောင်းထဲ ထိုးချတော်မူသွားတာကို မြင်လိုက်ရတဲ့ အ ခါ သူ့ရဲ့ ပထမဆုံး အတွေးကတော့ ကားထဲကဆင်း-ကူညီပြီး ဘုရင်ကြီး ကို လက်ဆွဲနှုတ်ဆက်ဖို့ ပဲ။ အဲ-အဲလိုဖြစ်အောင် လုပ်တာသူ-ဘုရင်ကြီး ကံတော်ကုန်သွားရင် ဘယ့်နှယ့်လုပ်ရပ့ါ-ဒါက ဒုတိယအတွေး- ခန္ဓာစဲ လို့ သေပွဲဝင်နေတဲ့ ဘုရင်ကြီးကို လက်ဆွဲနှုတ်ဆက်ရတဲ့ တန်ဖိုးဟာ အ လုပ်ကြမ်းနဲ့ ထောင်ဒဏ်အနှစ်သုံးဆယ်ဆိုရင် မဖြစ်ချေဘူး- သိပ်တန်ဖိုးကြီးလွန်းတယ်-ဒါက တတိယအတွေး-အဲလိုဖြစ်သွားရင် သူ ဒီတိုင်းပြည်မှာ နာမည်ကျော်ကြားလူကြိုက်များ စရာအကြောင်းမရှိဘူး- ဘုရင် သတ်သမားတွေဟာ ဘယ်တုန်းက နာမည်ကျော်ကြား လူကြိုက် များ ဖူးလို့ တုန်း။

အဲဒီ သုံးဆင့်သော အတွေးတွေကြောင့် သူ လှည့်ပြန်လာခဲ့တယ်။

ဌားလာတဲ့ ကားကို ဆို့ဒါတဲလ်လျှာ ကွန်မြူနစ်ပါတီ အစည်းဝေးခန်း မရှေ့ မှာ ရပ်ပစ်ခဲ့တယ်။ ဒါမှ အပြစ်မှန်သမျှ ယောက္ခမကြီးခံရမှာ ပ လေ။ အဲဒီကနေ သူ အိမ်ကို လမ်းလျှောက်ပြန်တယ်။ သူ အင်မတန်ချစ်

တဲ့ ဘုရင်ကြီးကို သူ သတိမိလေပြီလို့ ဟန်ရီယက်တာကို ဝမ်းနည်းပက်လက် သူပြန်ပြောပြနေတယ်။

ဟန်ရီယက်တာက သူ့ယောက်ျားကို ဖျောင်းဖြတယ်။ အဲသလိုဖြစ်မှာ မဟုတ် ပါဘူးပေါ့လေ- တကယ်လို့ ဖြစ်သွားတော့လည်း သူတို့မိသားစု စီးပွားရေးအတွက် ကောင်းတာပဲ။

နောက်တစ်နေ့ သတင်းစာမှာ ဂူစတေ့ ငါး ဘုရင်မင်းမြတ် ကားမတော်တဆမှု ကြုံတွေ့ပေမဲ့ ကျန်းမာပကတိ ချမ်းသာအတိဆိုတဲ့ သတင်းတွေပါလာတယ်။ ဟန်ရီယက်တာကတော့ ဒီကိစ္စကြောင့် သူ့ ချစ်လင်ဟာ သင်ခန်းစာအတော်ရသွားပြီလို့ ယူဆနေတယ်-ဘုရင်နောက်လိုက်နေတာတွေ ရပ်တော့မယ်ပေါ့လေ။

ဘယ်ဟုတ်လိမ့်မလဲ-မှားလိုက်တဲ့ ဖြစ်ခြင်း။

တတိယံပွဲ ကိစ္စကြီးကတော့ ပြင်သစ်သွားတောလား ဖြစ်တယ်။ သက်တော် ရှစ်ဆယ့်ရှစ်နှစ်ရှိပြီဖြစ်တဲ့ ဂူစတေ့ ငါး ဘုရင်ကြီးဟာ သူ့ရဲ့ နာတာရှည် လေပွန်ယောင်ရောဂါ သက်သာဖို့ အတွက် ဆောင်းတွင်းဆို ပြင်သစ်ပြည်နိုက်စ်မှာ ဆောင်းခိုလေ့ရှိသတဲ့ ။ သူတည်းနေကြဟိုတယ်ရှေ့မှာ နေစာလှုံရင်း အပန်းဖြေတတ်တယ်လို့ အင်တာဗျူးတစ်ခုရဲ့ အလိုအရ သိလိုက်ရတဲ့ အစ်ဂ်မာဟာ ခုချက်ချင်း နိုက်စ်ကို သွားမယ်-ဘုရင်ကြီးဆီ ပြေးတွေ့မယ်- သူ့ကိုယ်သူ မိတ်ဆက်မယ် ဖြစ်ရော။

ပြီးရင်ဘာဆက်လုပ်မတုန်း- အဲ- အမျိုးကောင်းသားနှစ်ယောက် စကားစမြည် ပြောကြ-ပြီးတော့ အစ်ဂ်မာက ဘုရင်ကြီးကို ဟိုတယ်မှာ ညနေခင်းအဖျော် ယမကာတစ်ခုခု ဝယ်တိုက်- နောက်နေ့ကျတော့ တင်းနစ်ပွဲအတူသွား-အဟီးဟိ။

'ဟော့ ဒီတစ်ခါတော့ ဘယ်လိုမှ လွဲစရာအကြောင်းမရှိဘူးကွ'

အစ်ဂ်မာက အဲသလို ကြုံးဝါးကြွေးကြော်တယ်။ ဟန်ရီယက်တာက ပေဟာသလို တုံ့ပြန်တယ်။

'ကောင်းတာပေါ့- ဒါနဲ့ ကျွန်မ စီးကရက်ဗူးလေးများ မတွေ့မိဖူးလား
'

* * *

အစ်ဂ်မာရဲ့ ဥရောပသွားတောလားစပြီ။ တစ်ပတ်လုံးလုံး ခရီးပြင်းနှင်ခဲ့ရပေမဲ့ နိုက်စ်ကိုရောက်ရောက်ခြင်း နှစ်နာရီအတွင်း ငွေလမ်းလျှောက်တုတ်တံကို အမှီသဟဲပြုရင်း ခုံတန်းရှည်တစ်ခုပေါ် တစ်ပါးထဲစံပယ်တော်မူနေတဲ့ ရှည်လျှားမြင့်မား ကိုယ်တော်ဘုရားကို တွေ့ပါလေရော-အလို ဘုရားသခင်-တော်ကြီးဘုရားဟာ မြင့်မြတ်လွန်းလှပါတကား-အစ်ဂ်မာဟာ ဖြည်းဖြည်းချင်း ချဉ်းကပ်လာခဲ့တယ်။ ကံကောင်းလိုက်တာ-ဘယ်သူမှ ကို မရှိဘူး။

နောက်ပိုင်း ဖြစ်ပျက်ခဲ့တာတွေကိုတော့ နောင်နှစ်ပေါင်းများစွာအကြာမှ ဟန်ရီယက်တာတစ်ယောက်-လုံးစေ့ပတ်စေ့ ဖော်ပြနိုင်ပေလိမ့်မယ်။ ဘာဖြစ်လို့ လဲဆိုတော့ အစ်ဂ်မာဟာ ဒီကိစ္စကို တစ်ခါပြောတစ်မျိုး အမျိုးမျိုးနဲ့ မရိုးရအောင် သူ့ဘဝ တစ်လျှောက်လုံး အသုံးတော်ခံနေလို့ ပဲ။

အစ်ဂ်မာဟာ ထိုင်နေရာကထ- တော်ကြီးဘုရားဆီလျှောက်သွား- သူ့ကိုယ်သူ တော်ဝင်စာတိုက်လုပ်ငန်းက တော်ဝင်ဝန်ထမ်းလို့ မိတ်ဆက်-တစ်ခွက်တစ်ဖလား လောက်တူတူသောက်ဖို့ ဒါမှ မဟုတ် တစ်ပွဲတလေ

လောက် တင်းနစ်ကစားဖို့ အကြံပြုရင်း လက်ဆွဲနှုတ်ဆက်ကြဖို့ မမှိတ်မသုန်ထည့်ပြော နိဂုံးချုပ်ခဲ့တယ်။

အနို့သော်လည်း သို့သော်လည်း တော်ဝင်ဘုရင်မင်းမြတ်ရဲ့ တုံ့ပြန်မှုက တော်ဝင်စာရေး အစ်ဂ်မာ ထင်ထားသလို မဟုတ်ခဲ့ပေဘူး။ ဘုရင်မင်းမြတ်ဟာ စာရေးတော်ကြီးရဲ့ လက်ကို ဆွဲပြီး နှုတ်ဆက်တော်မမူ- ပြီးတော့ စာရေးတော်ကြီးကို ကြည့်လည်း ကြည့်တော်မမူ- တံဆိပ်ခေါင်းတော်များ ပါ ပါတော်မူတဲ့ ပုံတော်အတိုင်း အဝေးကိုသာ ငေးငေးရီရီကြည့်တော်မူနေရှာ- စာတိုက်က စာပို့သမားနဲ့ မိတ်ဖွဲ့ဖို့ ရည်ရွယ်ရင်းမရှိလို့တော့ မြွက်ကြားတော်မူခဲ့တယ်။

တစ်နည်းအားဖြင့်ဆိုရရင် ဘုရင်မင်းမြတ်အဖို့ ရင်ဝယ်သားဖြစ်တဲ့ တိုင်းသူပြည်သားတွေကို ပေါပေါပဲပဲ တွေ့ကရာလျှောက်နှုတ်ဆက်ဖို့ မဖြစ်နိုင်ပေဘူးလေ။ သူကလေးဘဝထဲက ရင်နှစ်သည်းခြာ ကျေးတော်မျိုး ကျွန်တော်မျိုး ပြည်သူပြည်သားတွေဟာ တော်ဝင်သွေးကို ဘယ်လို ဦးညွှတ်ရှိခိုး လက်အုပ်မိုးရမယ်ဆိုတာ သိခဲ့တယ်- လေ့ကျင့်သင်ကြားပေးခြင်း ခံတော်မူခဲ့တယ်။ ခု ကြည့်စမ်း- အနုတ် စုပ်ကုပ်စုပ်က ထောင်လွှားပစားနေလိုက်တာများ -ထွီ။

'မဟုတ်သေးဘူး ဖျား- အရှင်မင်းမြတ် နားလည်မှု လွဲတော်မူနေပြီဖျား'

အစ်ဂ်မာက သုတ်သီးသုတ်ပြာ လျှောက်တင်လိုက်တယ်။

'အိမ်း အကယ်၍ သာ ကိုယ်တော်ဟာ ခု တစ်ပါးထဲ စံမြန်းနေတာမဟုတ်ခဲ့ရင် ခုလို မသိသားဆိုးရွား အကြံပက်စက် ဆန်ကောလောက်မှ ဇောက်မနက်တဲ့ ကိစ္စကို ကိုယ်တော်သေချာနားလည်တော်မူအောင် ကိုယ်တော့်အကြံပေးတွေဆီ မေးနေမှာ ပဲ'

မင်းမြတ်က အဲသလိုမိန့်တော်မူပြီး အစ်ဂ်မာ့ကို တိုက်ရိုက်စကားပြောခြင်း အမှုကို ရှောင်လွှဲတော်မူတယ်။

'ဒါပေမဲ့ ဒါပေမဲ့ပေါ့ ဖျာ့----------------'

အစ်ဂ်မာဟာ ဒါပဲ ပြောလိုက်နိုင်ရှာတယ်။ ဘုရင်ကြီးက သူ့ကို လာလာ လို့ ခေါ်ပြီး နဖူးတည့်တည့် ငွေတုတ်နဲ့ မတီးခင်ထိပေါ့။

အစ်ဂ်မာ့ခမျာ ဖင်ထိုင်ရက် ကျရှာတယ်။ ဘုရင်ကြီးက သူ့အနားက နေ ဘေးမသီရန်မခ ကြွမြန်းတော်မူနေချိန်ထိ သူ နမူး နထိုင်းနဲ့ ၂၅ စက္ကန့်တိတိ လဲနေတယ်။

ပြီးမှ သူထရပ်လိုက်တယ်။ ဘုရင်ကြီးရဲ့ နောက်ကျောကို ငေးကြည့်နေတယ်။ အကြာကြီးငေးကြည့်နေတယ်။

'အနုပ်စုပ်ဂုတ်စုပ်တဲ့ လား- စာပို့သမားတဲ့ လား- ဆန်ကောလောက်မှ ဖောက်မနက်တဲ့ လား- အေး စာပို့သမားရဲ့ ဆန်ကော လောက်မှ ဖောက်မနက်တဲ့ အကြံ ဘာတုန်းဆိုတာ သိအောင်ပြမကွ- ပြကိုပြမကွ'

အဲဒီနောက်မှာ တော့ အရာအားလုံး ဦးစိုက်ကျွမ်းပြန်။

* * *